# လယ်တီမဟာ ထေရုပ္ပတ္တိကထာ

## လယ်တီဦးဝဏ္ဏိတ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

လယ်တီမဟာထေရုပ္ပတ္တိကထာ၊ လယ်တီဦးဝဏ္ဏိတ
စာမျက်နှာ ၂၃၅++ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
ဟံသာဝတီတိုက်ထုတ်မှု၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– လျှောက်လွှာ က
– အချီးနိဒါန်း ဂ
– ပဏာမ ၁

၁။ ဖွားမြင်တော်မူခန်း ၃
၁။ နေရပ်နှင့်မိဘ ၃
၂။ ဒီပရင်းမြို့ ၄
၃။ ဒီပဲယင်းမြို့ ၄
၄။ ဒီပဲယင်းမြို့တည် သမိုင်းလင်္ကာ ၅
၅။ စိုင်ပြင်ရွာကြီး ၅
၆။ သန္ဓေတည်၍ဖွားမြင်ချိန် ၆
၇။ မင်္ဂလာနိမိတ်ထူး ၇
၈။ စို့သက်တင်ရေး ၈
၉။ ကြန်အင်လက္ခဏာ ၁၀
၁၀။ အမည်ပေးမင်္ဂလာ ၁၀


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂။ | **ကျောင်းသား သာမဏေဘဝနှင့် ပညာဆည်းပူးခန်း** | ၁၁ |
| ၁။ | ကျောင်းအပ်ရှင်ပြု | ၁၁ |
| ၂။ | ပညာရေး၌ ခြေသွက်ခြင်း | ၁၁ |
| ၃။ | ရှင်ဉာဏဓဇဖြစ်လာခြင်း | ၁၂ |
| ၄။ | ဗေဒင်ပညာ သင်ကြားခြင်း | ၁၃ |
| ၅။ | ရတုကဗျာလေ့လာခြင်း | ၁၃ |
| ၃။ | **ရဟန်းဘဝနှင့် ပညာဆည်းပူးခန်း** | ၂၁ |
| ၁။ | ရဟန်းအဖြစ်သို့ ရောက်ခြင်း | ၂၁ |
| ၂။ | စာကြည့်ဝါသနာ ပါတော်မူခြင်း | ၂၂ |
| ၃။ | မင်္ဂလာစံကျောင်းဆရာတော်ထံရောက်ခြင်း | ၂၂ |
| ၄။ | စံကျောင်းခေါ်တွင်ခြင်း | ၂၃ |
| ၅။ | တံဆိပ်တော်များ | ၂၃ |
| ၆။ | ကျမ်းဂန်များ | ၂၃ |
| ၇။ | ထင်ရှားသော တပည့်တော်ကြီးများ | ၂၄ |
| ၈။ | ဉဒေါင်း ဦးစွန်းကဲ့သို့ | ၂၄ |
| ၉။ | စံကျောင်းတိုက်သို့ ရောက်တော်မူခြင်း | ၂၄ |
| ၁၀။ | ပဋ္ဌမသင်္ဂါယနာတင်ပွဲတွင် ကထာဝတ္ထုကို ပြန်ဆိုတော်မူခြင်း | ၂၅ |
| ၁၁။ | ပါဠိ၊ အဋ္ဌကထာသင်ယူခြင်း | ၂၆ |
| ၁၂။ | ပထမစာချ ဖြစ်တော်မူခြင်း | ၂၇ |
| ၁၃။ | ပထမစာချနှင့် တင်းမတိမ်ခြင်း | ၂၇ |
| ၁၄။ | ရှေးက စာသင်သားနှင့် ယခု စာသင်သား | ၂၇ |
| ၁၅။ | သဒ္ဒပါရဂူ ဖြစ်တော်မူခြင်း | ၂၈ |
| ၁၆။ | ပါရမီ ဒီပနီကျမ်း | ၂၉ |
| ၁၇။ | စံကျောင်းဆရာတော်ကြီးက စာအုပ်များ ထုတ်ပေးခြင်း | ၃၀ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၈။ | စာပေဆွေးနွေးခြင်း | ၃၀ |
| ၁၉။ | မဏိသာရမဥ္ဇူသာ နိဂုံးနိဿယ | ၃၁ |
| | | |
| ၄။ | မုံရွာမြို့သို့ ပြန်ရောက်ခန်း | ၃၂ |
| ၁။ | မုံရွာမြို့ ရွှေစည်းခုံတိုက် | ၃၂ |
| ၂။ | ရှေးက အကြံအစည် | ၃၂ |
| ၃။ | နွားသားကို စ၍ အလှူခံခြင်း | ၃၄ |
| ၄။ | ကာလပျက်တွင် စာချမပျက် | ၃၄ |
| ၅။ | လယ်တီတိုက်ကြီးကို စတင်တည်ထောင်ခြင်း | ၃၅ |
| ၆။ | လယ်တီဟူသော အမည်ကိုရခြင်း | ၃၆ |
| ၇။ | သိမ်သမုတ်တော်မူခြင်း | ၃၇ |
| ၈။ | ပြုမြဲဝတ်နိဗဒ်များကို ဆက်လက်ပြုတော်မူခြင်း | ၃၇ |
| ၉။ | လယ်တီစာသင်နည်း | ၃၈ |
| ၁၀။ | ပရမတ္ထဒီဒီပနီ သင်္ဂြိုဟ်မဟာ ဋီကာသစ်ကျမ်း | ၃၈ |
| ၁၁။ | သဒ္ဒနီတိ | ၃၉ |
| ၁၂။ | မူလဋီကာနှင့် အနုဋီကာ | ၃၉ |
| ၁၃။ | ဋီကာကျော်နှင့် မဏိသာရမဥ္ဇူသာ | ၄၀ |
| ၁၄။ | ပရမတ္ထဒီပနီကျမ်း ရေးသားရန် အကြံ | ၄၁ |
| ၁၅။ | မီးဘေးကြောင့် လက်လျှော့ရခြင်း | ၄၁ |
| ၁၆။ | ပရမတ္ထဒီပနီကျမ်း အောင်မြင်ပြီ | ၄၂ |
| ၁၇။ | သဒ္ဒါဘက်ဆိုင်ရာ နိရုတ္တိဒီပနီကျမ်း | ၄၃ |
| ၁၈။ | နိရုတ္တိဒီပနီနှင့် အုန်းပင်ကျောင်း ဆရာလူထွက် | ၄၃ |
| ၁၉။ | ပဋ္ဌိစ္စ သမုပ္ပာဒ်ပျို့ | ၄၅ |
| ၂၀။ | ပဋ္ဌိစ္စသမုပ္ပာဒ် ဒီပနီ | ၄၆ |
| ၂၁။ | ကုန်းသတ္တဝါအသား လှူဒါန်းခြင်း | ၄၆ |


mgyoe.com

mgyoe.com


၅။ နိုင်ငံတော်အတွင်း သာသနာပြုခန်း ၄၇
၁။ ဒလမြို့ ဆပဂံတောရ ၄၇
၂။ မုံရွာမြို့လယ်တီတိုက် ၄၉
၃။ ကျိုက်ထိုမြို့ သေကျွတောင် ၄၉
၄။ ဘီးလင်းမြို့ ကုသိနာရုံ ၅၀
၅။ မုံရွာမြို့ လယ်စဉ်ရွာ ၅၀
၆။ ဒီပရင်းမြို့ မဟာမြိုင်တောကြီး ၅၁
၇။ အလုံမြို့ ရွှေတာဦးတောင်ကျောက်ဂူ ၅၂
၈။ ထူးခြားချက်ကြီး ၅၂
၉။ တပည့်ပဏ္ဍိတအား သြဝါဒပေးခြင်း ၅၄
၁၀။ အဘိဓမ္မာဆရာနှစ်ဦးအား သြဝါဒပေးခြင်း ၅၅
၁၁။ မုံရွာမြို့ လက်ပံတောင်းတောင် စကြာ်ကျောင်းကြီး ၅၅
၁၂။ ထူးခြားချက်ကြီး ၅၆
၁၃။ မန္တလေးမြို့ ဓမ္မသဘင် ၅၇
၁၄။ ကျောက်မြောင်း အတွင်းဝန်မင်း၏ လျှောက်ကြားချက် ၅၇
၁၅။ ပရမတ္ထသံခိပ် ၅၈
၁၆။ ပျဉ်းမနားမြို့ အင်ကြင်းမြိုင်တောရ ၅၉
၁၇။ သံဃာ့ အဓိကရုဏ်းကြီး ၅၉
၁၈။ မလှိုင်မြို့ ငြိမ်းချမ်းရေး ၅၉
၁၉။ မြင်းခြံမြို့နှင့် မိတ္ထီလာမြို့ ၆၀
၂၀။ လျှောင်လှုပ်ခြင်း ၆၀
၂၁။ မိတ္ထီလာကန်တော်ကြီး ရေတိုးခြင်း ၆၀
၂၂။ ရန်ကုန်မြို့ ပရမတ္ထဒီပနီ ကန့်ကွက်ပွဲ ၆၀
၂၃။ ဘင်္ဂလားဆရာတော် အမိန့် ၆၁
၂၄။ အချို့ဆရာတော်များ အကြံပေးချက် ၆၁
၂၅။ ဘင်္ဂလားဆရာတော် နိဂုံးချုပ်မိန့်ခွန်း ၆၁


mgyoe.com

mgyoe.com

၂၆။ မြို့ပြင်ကြီး ဆရာတော်၏ ခြသေ့်သံ ၆၂
၂၇။ ပြည်မြို့ ဝိပဿနာကုန်းတော်ရ ၆၃
၂၈။ ရောဝတီမင်းကြီး မက်ကဆွဲ၏ ညွှန်ကြားချက် ၆၃
၂၉။ လယ်တီဆရာတော်အား ပင့်လျှောက်ခြင်း ၆၄
၃၀။ အနှစ် ၂၀ ကျော် ရေဝတ်ကြီး၏ စွမ်းရည် ၆၅
၃၁။ စာပို့သင်္ဘောကြီး ကမ်းမကပ်နိုင် ၆၆
၃၂။ မင်းကြီးမက်ကဆွဲကိုယ်တိုင် ကြိုဆိုခြင်း ၆၆
၃၃။ မန္တလေးမြို့ ဓမ္မသဘင် ၆၇
၃၄။ သံဃာတော်များ ပထမလျှောက်လွှာ ၆၇
၃၅။ ရဟန်းအဖြစ်ကို ရနိုင်ခဲပုံ ၆၈
၃၆။ ရဟန်းတော် အများဆုံး မန္တလေး ၆၉
၃၇။ သဒ္ဓါတရား အကောင်းဆုံး မန္တလေး ၆၉
၃၈။ သာသနာ့အကျိုးဆောင် မန္တလေး ၇၀
၃၉။ ဒသနာနုတ္တရိယကို ရနိုင်သော မန္တလေး ၇၁
၄၀။ သဝနာနုတ္တရိယကို ရနိုင်သော မန္တလေး ၇၁
၄၁။ မိမိကိုယ်ကို သာသနာရေး၌ အသုံးချသင့်ပုံ ၇၂
၄၂။ လူ့ဘဝ အဖိုးတန်ပုံ ၇၃
၄၃။ သံဃာတော်များ ဒုတိယလျှောက်လွှာ ၇၄
၄၄။ ဒါန ၂ မျိုး ၇၄
၄၅။ ဒါန ၂ မျိုး အကျိုးသွား ၇၅
၄၆။ နွားသား အဓိကရဏ်း ၇၅
၄၇။ စစ်တွေမြို့သို့ ကြွတော်မူခြင်း ၇၆
၄၈။ သံဃာတော် တစ်ရာကျော် ကြိုဆိုကြခြင်း ၇၆
၄၉။ ပရမတ္ထသံခိပ် ကျောင်းသား ကျောင်းသူများ ၇၇
၅၀။ မဏ္ဍပ်နှင့် စံကျောင်းတော် ၇၇
၅၁။ တရားဟောပလ္လင်နှင့် သံဃာစင် ၇၈

mgyoe.com

mgyoe.com


၅၂။ စစ်တွေမြို့သူမြို့သားများ၏ သဒ္ဓါတရား ၇၉
၅၃။ ၁၂ ရက် တရားပွဲ ၈၀
၅၄။ ရခိုင်ပြည်မှအပြန်တွင် မီးပန်းလွှတ်၍ ပူဇော်ကြခြင်း ၈၁
၅၅။ ပုသိမ်မြို့သို့ ကြွတော်မူခြင်း ၈၂
၅၆။ မင်းကြီး မက်ကဆွဲ လျှောက်ထားသော အချက်ကြီး သုံးချက် ၈၂
၅၇။ အင်စပက်တော် မောင်ကျော်စံအား မိန့်တော်မူချက် ၈၄
၅၈။ မြန်မာပြည် ကျမ်းပြုဆရာနှင့် စာကြည့်ပရိသတ်များ သဘောထား ၈၅
၅၉။ လယ်တီဆရာတော် မြန်မာစာကို အရေးပေးပုံ ၈၆
၆၀။ ဟိတ် ၆ ပါး ရေသောက်မြစ်နှင့် တူပုံ ၈၈
၆၁။ ဥပမာတစ်နည်း ၈၉
၆၂။ ထင်ရှားစေအံ့ ၉၀
၆၃။ အကြောင်းရင်းနှင့် အကျိုးဆက် ၉၁
၆၄။ အလောင်းတော် ကုသဇာတ် ၉၂
၆၅။ ပုသိမ်မြို့၌ ထူးခြားချက် ၉၂
၆၆။ စစ်ကိုင်းမြို့ ပရမတ္ထဒီပနီကန့်ကွက်ပွဲ ၉၄
၆၇။ မန်လည်ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော် ၉၄
၆၈။ အုတ်ဖိုမြို့ အံ့ဩဖွယ် ၉၅
၆၉။ မော်လမြိုင်မြို့ ရောဂန္တရဒီပနီ ၉၆
၇၀။ ထူးခြားချက်များ ၉၇
၇၁။ စစ်ကိုင်းမြို့ ပလိပ်ရောဂါကို ငြိမ်းစဲစေခြင်း ၉၈
၇၂။ အန္တရာယ် ငြိမ်းစဲအောင် စီမံတော်မူပုံ ၉၉
၇၃။ ရွာထောင်၌ ပလိပ်ရောဂါကို ငြိမ်းစဲစေခြင်း ၁၀၀
၇၄။ ရွှေဘိုမြို့နယ် ခင်လူးသို့ ကြွခြင်း ၁၀၀
၇၅။ ရွှေဘိုမြို့၌ ပလိပ်ရောဂါကို မောင်းကြော်ငြာဖြင့် နှိမ်နင်းခြင်း ၁၀၁


mgyoe.com

mgyoe.com


၇၆။ ဆရာတော်ကြီး၏ ကြုံးဝါးသံ ၁၀၂

၇၇။ မိတ္ထီလာ၌ ပလိပ်ရောဂါကို ငြိမ်းစေခြင်း ၁၀၃

၇၈။ မန္တလေးမြို့၌ ပလိပ်ရောဂါကို ငြိမ်းစေခြင်း ၁၀၄

၇၉။ ချောင်းဦးမြို့မှ ပထမ ဖတ်ကြားသော ဩဘာစာ ၁၀၅

၈၀။ ဒုတိယ ဖတ်ကြားသော ဩဘာစာ ၁၁၂

၆။ **နိုင်ငံခြားသာသနာပြုခန်း** ၁၁၈

၁။ နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီးအကြောင်း ၁၁၈

၂။ မုံရွာမြို့ နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်း ထမြောက်အောင်မြင်ခြင်း ၁၂၅

၃။ အင်္ဂလန်မှ အကူအညီ ၁၂၈

၄။ ရည်ရွယ်ချက်စာတမ်း ဖတ်ကြားခြင်း ၁၂၉

၅။ ပထမရွှံ့ဆရာတော် ၁၃၄

၆။ ယမိုက်အဖြေ နိဒါန်း ၁၃၉

၇။ လယ်တီဆရာတော် မိန့်ဆိုချက် ၁၄၂

၈။ နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီး အောင်မြင့်ကြောင်း မိန့်ခွန်းတော် ၁၄၃

၉။ ဥက္ကဋ္ဌ ကြေညာချက် ၁၄၇

၁၀။ သတင်းစာများ ချီးကျူးထောက်ခံချက် ၁၄၉

၁၁။ မန္တလေးမြို့ နိုင်ငံလုံးဆိုင်ရာ ဗဟိုဘဏ်လီမိတက်တွင် အပ်နှံထားသော ငွေများ ၁၅၃

၇။ **အရပ်ရပ်မှ ချီးကျူးခြင်း** ၁၅၅

၁။ ရေနံချောင်းမှ ပင့်လျှောက်လွှာ ၁၅၅

၂။ ရေနံချောင်းမှ ချီးကျူးခြင်း ၁၅၆

၃။ ထောင့်ကြီးရွာမှ ပင့်လျှောက်လွှာ ၁၆၀


mgyoe.com

mgyoe.com


၄။ ထောင့်ကြီးရွာမှ ချီးကျူးခြင်း ၁၆၂
၅။ ဇလွန်မြို့မှ ပင့်လျှောက်လွှာ ၁၆၄
၆။ ဇလွန်မြို့မှ ချီးကျူးခြင်း ၁၆၅
၇။ မန်လည်ဆရာတော်နှင့် တွေ့ဆုံတော်မူခြင်း ၁၇၂
၈။ ရန်ကုန်မြို့မှ ချီးကျူးခြင်း ၁၇၃
၉။ စစ်ကိုင်းတောင်ရိုးမှ ချီးကျူးခြင်း ၁၇၆
၁၀။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ၁၈၁
၁၁။ ဒီ–လစ်၊ ပိဋကတ္တယ ပါရဂူ ဘွဲ့တံဆိပ်တော် ၁၈၂
၁၂။ တာဝန်ခံပုဂ္ဂိုလ်များ ကိုယ်တိုင်လာ၍ ဆက်ကပ်ခြင်း ၁၈၃
၁၃။ ဂေဇက်ပြန်တမ်းနှင့် တံဆိပ်တော် ၁၈၃
၁၄။ တရားစည်ကြီး ရိုက်တီးတော်မူပြီး မြို့ရွာများ ၁၈၃

၈။ အထွေထွေ မိန့်တော်မူချက်များကို ပြဆိုခန်း ၁၈၆
၁။ မှဆိုးမအိမ်က မီးခွက်လို ၁၈၆
၂။ ငါ့စာအုပ်ကို ဖတ်လျှင် ကမ္ဘဋ္ဌာန်း ထိုင်နေသလိုပဲ ၁၈၇
၃။ ကာလသားနှင့် အတီး၊ ပိုးနှင့်မီး ၁၈၇
၄။ အချိန်သည် တန်ဖိုးအရှိဆုံး ၁၈၈
၅။ အိမ်နားနီးချင်း ရှိသေရုံဝတ်တက် ၁၈၉
၆။ မန်လည်ဆရာတော်နှင့် ကဝိမျက်မှန် ၁၉၀
၇။ ဝိပဿနာ ဒီပနီ ၁၉၀
၈။ နွားနှင့်မတည့်သော လှည်းသမား ၁၉၁
၉။ မောင်ရောင်နီအား သြဝါဒပေးခြင်း ၁၉၁
၁၀။ ဦးတောက်အား သြဝါဒပေးခြင်း ၁၉၂
၁၁။ ဆရာသဲအား သြဝါဒပေးခြင်း ၁၉၂
၁၂။ မောင်သြဇာအား သြဝါဒပေးခြင်း ၁၉၃
၁၃။ ဆုတောင်းပြည့် ကျောက်စာကို ရေမျှောရန် ၁၉၄


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | အတိုက်အခံ | ၁၉၅ |
| ၁၅။ | လယ်တီ | ၁၉၅ |
| ၁၆။ | အချို့ အတိုက်အခံ | ၁၉၅ |
| ၁၇။ | ပညာရဲရင့် ပွဲလယ်တင့် | ၁၉၆ |
| ၁၈။ | မဟာထေရ်ကြီး၏ ငြိမ်းချမ်းရေး မိန့်ခွန်းတော် | ၁၉၆ |
| ၁၉။ | တောင်တွင်းကြီးသားတို့ ဖွဲ့သတ္တိ | ၁၉၇ |
| ၂၀။ | ဆရာတော်ကြီး မိန့်ဆိုချက် | ၁၉၈ |
| ၂၁။ | တောင်တွင်းကြီး ထူးခြားချက် | ၁၉၈ |
| | | |
| ၉။ | ကျမ်းဂန်ပြုစု ရေးသားတော်မူခန်း | ၂၀၀ |
| ၁။ | ကျေးရူးဆပ်နည်း နိဿရည်း | ၂၀၂ |
| ၂။ | မဟာစက် ပရိတ်တော်ကြီး | ၂၁၄ |
| ၃။ | အိပ်မက်မြင်မက်ပုံ | ၂၁၅ |
| ၄။ | ပြုစုခဲ့သော ကျမ်းဂန်များ | ၂၁၈ |
| | | |
| ၁၀။ | ဘဝနတ်ထံ စံလွန်ပြောင်းကြွတော်မူခန်း | ၂၂၁ |
| ၁။ | ပဋ္ဌာန်းသံကို နာခံလျက် | ၂၂၁ |
| | | |
| – | နိဂုံးဆုတောင်း | ၂၃၅ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လျှောက်လွှာ

တပည့်တော်ဒါယကာ ပဲရောက်ဆန်နီ ရှိသေစွာ ရှိခိုးလျှောက်ထားပါသည်။ နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းကြီးတွင် ဒုတိယဥက္ကဋ္ဌ၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီး၏ ကိုယ်စားလှယ်၊ နယ်လှည့် ဓမ္မကထိက "လယ်တီဦးဝဏ္ဏိတ" အရှင်မြတ်ဘုရား။

လျှောက်ထားရန်မှာ တပည့်တော်သည် ကျေးဇူးတော်ရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီး၏ သီလမြေထု မေရုသမာဓိန် ဝရဇိန်ပညာ ဂုဏ်တေဇာတော်ကို ညွတ်တွားကော်ရော် ပူဇော်မြတ်နိုး အားကိုးယုံကြည် ခိုင်တည်စိတ်ဓာတ် သောမနသ်ဖြင့် အတောမသတ်နိုင်သော ဉာဏပုဗ္ဗင်္ဂမ သဒ္ဓါမိဂမ အစလစေတနာ ပြဋ္ဌာန်းလျက် လယ်တီဒီပနီကျမ်းစာ အမျိုးမျိုးတို့ကို ကြည့်ရှုမှတ်သား ကျင့်ကြံပွားများအားထုတ်လာရာ နှစ်ပေါင်း အတော်ပင် ကြာညောင်းခဲ့ပါသည်။ ထိုကဲ့သို့ လေ့လာပွားများ အားထုတ်မှုကြောင့် ကလျာဏ ပုထုဇဉ်နယ်တွင်းသို့ ချင်းနင်းထွင်းဖောက် လွယ်ကူစွာ ဆိုက်ရောက်လာပါသည်။

ဤသို့ ကလျာဏပုထုဇဉ်စခန်းသို့ ဖြောင့်တန်းချောမောစွာ ဆိုက်ရောက်ပေါက်မြောက်အောင် ညွှန်ကြားတော်မူပေသော ဂုဏ်ကျေးဇူးတော်ကို

mgyoe.com

mgyoe.com


ဆပ်လိုပါသောကြောင့် မဟာထေရ်မြတ်ကြီး၏ မွေးဖွားတော်မူသည့်နေ့မှ ဘဝနတ်ထံ ပျံလွန်တော်မူသည်တိုင်အောင် အဖြစ်သနစ်တော်များကို အကျဉ်းအားဖြင့် သိလိုလှပါသည်။

မဟာထေရ်မြတ်ကြီး၏ ထေရုပ္ပတ္တိကထာ အကြောင်းအရာ စုံလင်စွာ ပေါ်ထွက်လာပါလျှင် မဖြစ်သေးသော သဒ္ဓါတရားများ ဆတက်ထမ်းပိုး တိုးပွား များပြားလာမည် ဖြစ်ပါသည်။

ထိုအကြောင်းများကြောင့် "လယ်တီမဟာထေရုပ္ပတ္တိကထာ" တစ်စောင် တစ်ဖွဲ့ ရေးသားချီးမြှင့်တော်မူပါရန် နိဝါတနိမာန ဂရုဂါရဝတရားဖြင့် ရိုသေစွာ ရှိခိုးလျှောက်ထားပါသည် ဘုရား။

ဒါယကာ ပဲရောက်ဆန်နီ
ရန်ကုန်မြို့

mgyoe.com

mgyoe.com

# အချီးနိဒါန်း

၁။ ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာသစ်ပါဠိ၊ ၎င်းအဖွင့် အနုဒီပနီပါဠိ၊ ယမကပုစ္ဆာဝိဿဇ္ဇနာပါဠိ၊ ပဋ္ဌာနုဒ္ဒေသဒီပနီပါဠိ၊ နိယာမဒီပနီပါဠိ၊ သမ္မာဒိဋ္ဌိဒီပနီပါဠိ၊ ဝိပဿနာဒီပနီပါဠိ၊ အနတ္တဝိဘာဝနာပါဠိ စသော အဘိဓမ္မာဘက်ဆိုင်ရာ ပါဠိကျမ်းစာ အမျိုးမျိုး။

၂။ နိရုတ္တိဒီပနီခေါ် ဝုတ္တိမောဂ္ဂလာန်ဋီကာပါဠိ၊ ဝိဘတျတ္ထဋီကာသစ်ပါဠိ၊ ဝစ္စဝါစကဋီကာသစ်ပါဠိ စသော သဒ္ဒါဘက်ဆိုင်ရာ ပါဠိကျမ်းစာ အမျိုးမျိုး။

၃။ သာသနသမ္ပတ္တိဒီပနီပါဠိ၊ သာသနဝိပတ္တိဒီပနီပါဠိ စသော ပကိဏ္ဏကသုတ္တန်ဘက်ဆိုင်ရာ ပါဠိကျမ်းစာအမျိုးမျိုး။

၄။ ဘာဝနာဒီပနီ၊ ဥတ္တမပုရိသဒီပနီ စသော မြန်မာဘက်ဆိုင်ရာ ကျမ်းစာ အမျိုးမျိုး။

၅။ ပရမတ္ထသံခိပ်၊ သဒ္ဒသံခိပ်၊ ဝိနယသံခိပ်၊ သင်ပုန်းကြီးသံခိပ်၊ သတ်ပုံသံခိပ်၊ ဆန်းသံခိပ်၊ အလင်္ကာသံခိပ် စသော သံခိပ်ဘက်ဆိုင်ရာ ကျမ်းစာ အမျိုးမျိုး။

mgyoe.com

mgyoe.com



၆။ မပေါ်ကျေးစေခန်းရတု၊ ပဋ္ဌိစ္စသမုပ္ပာဒ်လင်္ကာ အကျဉ်းအကျယ် သံဝေဂကဗျာလေးချိုးကြီး၊ သံဝေဂကဗျာလင်္ကာ၊ နွားမေတ္တာစာ၊ ဒေးဒရဲမေတ္တာစာ၊ စိုင်ပြင် သေရည်သေရက် မေတ္တာစာ၊ ဒီပရင်း သေရည် သေရက်မေတ္တာစာ၊ ထိမေတ္တာစာ၊ ပွဲမေတ္တာစာ၊ ဆုတောင်း ပြည့်မေတ္တာစာ၊ ပတ္တမြားမေတ္တာစာ၊ သီဟတောဘုရားကျောက်စာ၊ သံဝေဂနိဗ္ဗိန္ဒ ဩဝါဒအနုသာသနီတေးထပ်များ၊ မိုဃ်းကမ္ဘဝါအမိန့်တော်ပြန်တမ်း၊ အန္တရာယ်ကင်း အမိန့်တော်ပြန်တမ်း စသော ရတု၊ ကဗျာ၊ လင်္ကာ၊ မေတ္တာစာ၊ ကျောက်စာ၊ သံပိုင်း၊ တေးထပ်၊ ပြန်တမ်း ဘက်ဆိုင်ရာ ကျမ်းစာအမျိုးမျိုး။

ဤသို့လျှင် ပါဠိမြန်မာကျမ်းများစွာတို့ကို စီရင်ရေးသားပြုစုတော်မူသဖြင့် တစ်ဆူမဟိဒ္ဓိ ပရိယတ္တိဝိသာရဒ ပဋ္ဌိပတ္တိမာမက သာသနဝေပုလ္လ သာသနသုဒ္ဓကာရီ သာသနကိစ္စကာရီ သာသနဝုမိုကာမိဓမ္မဥ္စရိ သိက္ခာကာမိ လဇ္ဇီသုပေသလ သီလဝန္တ ခိတိမန္တ ဗုဒ္ဓိမန္တဂရုံကတ ဗဟုဂန္ထကာရက မဟာဓမ္မကထိက သုစိသံလေခ ဝိနယဓရ တိပိဋကဓရ ဓုရပါမောက္ခ အာဝုဓဉာဏ အာဘိဓမ္မိက သာသနသောဘိတ သာသနဇောတိက သံဃာ့ဦးကိုင် တစ်နိုင်ငံလုံး၏ အားထားရာ အများသတ္တဝါတို့၏ ကိုးစားရာအစစ်ဖြစ်ကြီး ဖြစ်တော်မူပေသော ပထမ "အဂ္ဂမဟာပဏ္ဍိတ" ဒုတိယ ဗြိတိသျှကျွန်းကြီး၌ တည်ရှိသော ဗုဒ္ဓသာသနာပြုအသင်းကြီးတွင် ဥက္ကဋ္ဌ၊ (D. Litt)ပိဋကတ္တယပါရဂူဝမ်းဆူကျော်ညာ တစ်ကမ္ဘာလုံး သိမ့်သိမ့်ချုန်းသည့် ရွှေဘုန်းတော်သခင် ကျေးဇူးရှင် ပျဉ်းမနားမြို့၌ ၁၂၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့တွင် ပျံလွန်တော်မူပြီးသော လယ်တီဆရာတော် မဟာထေရ်မြတ်ကြီး၏ အကြောင်းအရာ အတ္ထုပ္ပတ္တိတော်များကို ရန်ကုန်မြို့ ဒါယကာပဲရောက်ဦးဆန်နီ လျှောက်ထား တောင်းပန်ချက်အရ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ် မိန့်မြွက်တော်မူချက်များနှင့် မိမိသိရှိသမျှ အကျဉ်းချုပ်အမြွက်မျှ ရေးသားမည် ဖြစ်ကြောင်း။

အတ္ထုပ္ပတ္တိကျမ်းစာ တစ်စောင်တစ်ဖွဲ့ ထွက်ပေါ်လာရန် တောင်းပန်လျှောက်ထားသူ ဒါယကာပဲရောက်ဦးဆန်နီသည် ကျေးဇူးတော်ရှင်လယ်တီဆရာ

mgyoe.com

.mgyoe.com



တော်ဘုရားကြီး၏ မိန့်မြွက်ချက်အဖြာဖြာ မြန်မာဒီပနီကျမ်းစာ အမျိုးမျိုးတို့ကို တစ်တိုတစ်စ တစ်ကျမ်းတစ်ဖွဲ့မကျန်ရအောင် ရှာဖွေစုဆောင်းသိမ်းဆည်း၍ နေ့ရှိသမျှ အချိန်ရှိသမျှ ကြည့်ရှုမှတ်သား ပွားများအားထုတ်လျက် အတ္တညစ်ကြေး ဒိဋ္ဌိဘေးကို ကင်းဝေးစေကြောင်း နည်းကောင်းလမ်းမှန် ဝိဇ္ဇာဉာဏ်ဖြင့် ဖန်ဖန်တွန်းလှန် ကျွမ်းသန္တာလန်စေသဖြင့် အနတ္တဉာဏ် ဇကန်ထွင်းဖောက် အလင်းရောက်မည့် ပုဂ္ဂလဝိသိဋ္ဌ ဉာဏ်ဟိတ်ထွန်းဖြာ ဥပါသကာ ဒါယကာ တစ်ယောက် ဆိုစလောက်ပါပေသည်။

အဆိုပါ ဒါယကာ ပဲရောက်ဦးဆန်နီသည် "ကတညု ကတဝေဒိပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ" ဟု ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည်နှင့် အညီ–

၁။ သူတစ်ပါးက မိမိအား နည်းများမဆို ထိုထိုပြုလုပ် ထောက်ပံ့ကူညီထားအပ်သော ကျေးဇူးကို အထူးသိမြင် ဆင်ခြင်အောက်မေ့လေ့ရှိသော "ကတညု" ပုဂ္ဂိုလ်မျိုး၊ မိမိအား သူတစ်ပါးက ပြုလုပ်ထောက်ပံ့ထားအပ်သော ကျေးဇူးကို နည်းများမဆို အားအင်ရှိသလောက် ပြန်လည်ထောက်ပံ့ကျေးဇူးဆပ်လေ့ရှိသော "ကတဝေဒိ" ပုဂ္ဂိုလ်မျိုးတို့ကို ကမ္ဘာလောကကြီး၌ ရှာမှရှား နည်းပါးရခဲသည်ဟု သဗ္ဗညုတသခင် ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားအပ်သည်ကို လေးစားဆင်ခြင်လျက် ကျေးဇူးရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီးတည်း ဟူသော သပ္ပုရိသူပနိဿယကို ကောင်းကောင်းကြီး အမှီရခြင်း၊

၂။ ဓမ္မသဝန– မြန်မာဒီပနီကျမ်းစာတို့ကို ကြည့်ရှုမှတ်သား လေ့လာခြင်း၊

၃။ ယောနိသော မနသိကာရ– ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ သူတစ်ပါး ယောကျာ်း မိန်းမ– မဖက် သက်သက်သော ဓာတုပုဍ္ဍ၊ ဓမ္မပုဍ္ဍ၊ သုဒ္ဓသင်္ခါရပုဍ္ဍ၊ ပရမတ္ထရုပ်အစု၊ နာမ်အစုအပုံကြီးသာတည်း ဟူ၍ ဟုတ်မှန်သော အတိုင်း သင့်လျော်စွာ နှလုံးသွင်းရခြင်း၊

mgyoe.com

mgyoe.com



၄။ ဓမ္မာနုဓမ္မပဋိပတ္တိ– လောကုတ္တရာ ဓမ္မစည်းမျဉ်းအရ ကျနမှန်ကန်ကောင်းမြတ်လှသော အကျင့်ကို စိတ်နှလုံးအိမ်၌ စိမ်ထုံထားရခြင်း၊

၅။ ဤအချက်ကြီး လေးချက်ကို မိမိကိုယ်တိုင် ပိုင်နိုင်စွာ အားထုတ်ဆည်းပူးရသည်အားလျော်စွာ တစ်ပါးသော ဓမ္မမိတ်ဆွေတို့အားလည်း မိမိကဲ့သို့ ပရမတ္ထအလင်းနယ်သို့ ချင်းနင်း ထွင်းဖောက်ဆိုက်ရောက်ပါစေခြင်းငှာ ဥတ္တမပုရိသ ဒီပနီ၊ ပဋိစ္စသမုပ္ပါဒဒီပနီ၊ ဝိပဿနာ ဒီပနီ စသော လယ်တီဒီပနီ ကျမ်းစာပေါင်းများစွာတို့ကို ဓမ္မဒါနပုံနှိပ် ဝေငှလှူဒါန်းခြင်း၊

၆။ မိမိတိုက်အိမ်တွင် ဓမ္မကထိက အရှင်မြတ်တို့ကို ပင့်ဖိတ်၍ ဓမ္မသဘင် ဆင်ယင်ကျင်းပပြုလုပ်ခြင်း၊

၇။ မကြာမကြာ ဓမ္မသာကစ္ဆာ တရားဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊

စသော ကျေးဇူးဆပ် လုပ်ငန်းကြီးကို ထူထောင်အားထုတ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း အကျဉ်းချုပ်အားဖြင့် ရေးသားဖော်ပြပါသတည်း။

လယ်တီဦးဝဏ္ဏိတ
နယ်လှည့်ဓမ္မကထိက
နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီး
ဒုတိယဥက္ကဋ္ဌ
လယ်တီစံကျောင်း
မန္တလေးမြို့။
၁၂၈၈ ခုနှစ်၊ တပို့တွဲလ။

mgyoe.com

mgyoe.com





ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ပုံတော်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လယ်တီမဟာထေရုပ္ပတ္တိကထာ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဏာမ

ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်တူဖက်ကင်း တရားစကြာမင်းကြီး ဖြစ်တော်မူသော မြတ်စွာဘုရားအား လည်းကောင်း၊ မြတ်စွာဘုရား ဟောကြားတော်မူသော ရှစ်သောင်း လေးထောင်သော တရားတော်မြတ်အား လည်းကောင်း၊ တရားတော်မြတ်ကို ယုံကြည်၍ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြသော ကလျာဏပုထုဇဉ် သီလဝန်၊ ပညဝန်၊ အရှင်မွန် အရှင်မြတ်တို့နှင့်တကွသော အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ်အား လည်းကောင်း၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ်ပါ၏ အရှင်ဘုရား။ ပရိယတ္တိ အလင်းဉာဏ်ရောင်၊ ပဋိပတ္တိအလင်းဉာဏ်ရောင်၊ ဓမ္မကထိက အလင်းဉာဏ်ရောင်ကို ထွန်းပြောင်ထိန်လင်း အသိဉာဏ် သန့်ရှင်းစေတော်မူပေသော ကျေးဇူးတော်ရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီးအား လည်းကောင်း အနန္တဂုဏ်ကျေးဇူးဟုန်ကို ခိုလှုံညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ်ပါ၏ အရှင်မြတ်ဘုရား။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ၁ - ဖွားမြင်တော်မူခန်း

**နေရပ်နှင့်မိဘ**

မြန်မာနိုင်ငံတော်ကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ဘက်၌ နှစ်သက်ဝမ်းမြောက် အားတက်ဖွယ်ရာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်ပေါင်း ရှစ်သောင်းခန့် ရှိ၏။ ပရိယတ် ဟူသော စာပေသင်အံပို့ချခြင်း၊ ပဋိပတ် ဟူသော သမထဝိပဿနာ ဘာဝနာပွားများခြင်း အရောင်အလင်းဝါဝင်းထိန်လျှမ်း အရဟတ္တဓဇ သင်္ကန်းရောင်တို့ဖြင့် အောက်ထက် ၂–ရပ်မလပ်မြို့ရွာတို့၌ ပျံ့နှံ့စည်ပင်ထွန်းကားလျက် ရှိ၏။ သာသနာတော် အောင်လံတံခွန်သဖွယ် ကြီးကျယ်ခမ်းနား များပြားသော သာသနာ့ အဆောက်အဦ၊ စေတီပုထိုး၊ အမျိုးမျိုးသော ရုပ်ပွားတော်၊ ဘုရားတန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ဖြင့် ကြည့်ရှုမငြီး အံ့ချီးမကုန်အောင် ထွန်းပြောင်တင့်တယ်လျက် ရှိ၏။

လောကီဘက်မှာလည်း အဖိုးမပြတ်နိုင်လောက်အောင် အဖိုးထိုက်တန်လှသော ပတ္တမြားတွင်း၊ ရွှေတွင်း၊ အမျိုးမျိုးသော သတ္တုတွင်း၊ ရေနံတွင်း၊ သစ်တော၊ ဥယျာဉ်ခြံ၊ လယ်၊ ယာမြေ မြောက်မြားစွာတို့နှင့် ပြည့်စုံ၍ ကမ္ဘာအလုံးအံ့မဆုံးအောင် ကျော်ကြားထင်ရှား၏။ ဤသို့ သာသနာတော်ဘက်၊ လောကီဘက်ဌာနတို့၌ ပြိုင်ဘက်ကင်းလျက် ပေါ်ထွက်ကျော်ကြားသော မြန်မာနိုင်ငံ

mgyoe.com

mgyoe.com


တော်ကြီး၏ အထက်ပိုင်း၌ ဥစ္စာစီးပွား ဆန်ရေစပါးတို့နှင့် ပြည့်စုံချမ်းသာစည်ကား၍ ဥယျာဉ်ပန်းမန် ရေတွင်းရေကန် နတ်ဖန်သကဲ့သို့ နှစ်မြို့ဖွယ်ရာသာယာလှ၍ တွေ့မြင်ရသူတို့၏စိတ် ယိုဖိတ်တမျှ ပီတိသောမနဿ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေနိုင်လောက်သော ဂုဏ်အပေါင်းနှင့် ပြည့်စုံသော ဒီပရင်းမြို့နယ် စိုင်ပြင်ရွာကြီးသည် ယခုအခါဝယ် တင့်တယ်စည်ကားလျက်ရှိ၏။

## ဒီပရင်းမြို့

ဒီပရင်းမြို့ဆိုသည်ကား ဒီပဝါသိမဟာဇနံ ရဥ္စေတီတိ ဒီပရင်္ဂံ။ ။ ဒီပဝါသိမဟာဇနံ၊ ကျွန်းနေသူလူများအပေါင်းကို။ ရဥ္စေတိ၊ ကြည်ဖြူနှစ်သက်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဒီပရင်္ဂံ၊ ဒီပရင်းမည်၏– ဟု ပရမတ္ထဒီပနီဋီကာတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မိန့်မြွက်တော်မူပေသည်။

## ဒီပဲယင်းမြို့

ဒီပဲယင်းမြို့တည် သမိုင်းအဆိုကား အရိမဒ္ဒနာပူရမည်သော ပုဂံပြည်ကြီးသခင် ဖောင်စကြာရှင်အရှင် ဘဝရှင် အလောင်းစည်သူမင်းသည် တိုင်းခွင်လှည့်လည်တော်မူရာ မြောက်ဘက်အရပ်သို့ ရောက်တော်မူသောအခါ သက္ကရာဇ်ရှည် ၁၀၀၊ သက္ကရာဇ် တို ၁၂ ခု၊ ပြာသိုလဆန်း ၁၅ ရက် သောကြာနေ့၊ မွန်းလွဲချိန်ဝယ် မြို့တည်မည့် အခါတွင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်သည် ဆိတ်မြန်မာ အယောင်ဖန်ဆင်းလျက် တောင်အရပ်မှ တောစပ်သို့ ဖြတ်၍ ရေသောက်မည်ဟု "ပဲ... ပဲ" မည်သော နိမိတ်ကို အစွဲပြု၍ "ဒီ" သဒ္ဒါ "ရေ" ဟော၊ "ပဲ" သဒ္ဒါ "ဆိတ်" ဟော၊ "ယင်း" သဒ္ဒါ "တော" ဟော၊ သဒ္ဒါသုံးပါးစပ်၍ ဒီပဲယင်းမြို့ဟု ကောင်းမျိုးပညတ် ခေါ်ဝေါ်အပ်သည်ဟု အမည်ပေးဆို၏။

mgyoe.com

mgyoe.com


## ဒီပဲယင်းမြို့တည် သမိုင်းလင်္ကာ

သောင်းတိုက်ဇမ္ဗူ၊ ကျွန်းလုံးယူ၍၊ စည်သူမင်းဖျား၊ တည်ခဲ့ထားသည်၊ ဘုရားကိုးဆူ၊ ဂူလည်းကိုးရပ်၊ နတ်ကြီးကိုးပါး၊ တံကားကိုးတန်၊ ကိုးရွာရံ၍၊ ကန်လည်းကိုးသွယ်၊ ကိုးသန်းပယ်နှင့်၊ ကိုးဆယ်ကိုးရွာ၊ စပ်ခါမဝေး၊ ကျေးကိုးကျေးနှင့်၊ နီးဝေးပြန့်လှိုင်၊ စည်ကိုးဆိုင်က၊ ကိုးဌာနနှင့်၊ ဒုက္ခကင်းစင်၊ ချမ်းသာမြင်၍၊ အောင်ခြင်းမင်္ဂလာ၊ ဖြစ်စိမ့်ငှာဟု၊ သာသနာငါးထောင်၊ တည်အောင်ပြဓာန်း၊ ဗျာဒိတ်မှန်း၍၊ အောင်ခန်းအတိတ်၊ တော, ရေ, ဆိတ်ဦ၊ နိမိတ်ယူရာ၊ မြန်ဘာသာတွင်၊ ဒီမှာကား– ရေ၊ ဆိတ်ရွှေကို– ပဲ့၊ တော–ယင်းတဲ့ဟု၊ မိန့်ခဲ့ရွှေနှုတ်၊ သမုတ်အညီ၊ ရှင်ဦးမပြ၊ အနုတ္တဖြင့်၊ ဌာနသာခြင်း၊ မြို့ရွှေယင်း၏၊ ကြောင်းခြင်းထွေလာ၊ သမိုင်းစာနှင့်၊ စဉ်လာစကား၊ ကျွန်ုပ်ကြားသည်။ ။ ရွှေနားသွင်းတော်မူ ဘုရား။

## စိုင်ပြင်ရွာကြီး

စိုင်ပြင်ရွာကြီးဆိုသည်ကား ဂါမေစိုင်ပြင်တိနာမကေတိ ရောဟိ တမိဂါနံ နိဝါသဘူမိတလေ ပတိဋ္ဌိ ကတ္တာ။ ။ စိုင်, သမင်တို့၏ နေရာမြေ အပြင်၌ တည်ထောင်အပ်သောကြောင့် စိုင်ပြင်ရွာကြီးဟု ဝေးနီးကြေညာသတင်းဖြာပေသည့် အဆိုပါ ဒီပရင်းမြို့နယ် စိုင်ပြင်ရွာကြီးသည်–

၁။ ရတနာသုံးပါးကို အားထားသက်ဝင်ယုံကြည်သော နိစ္စလသဒ္ဓါနှင့် ပြည့်စုံကြသူ "ရတနတ္တယ မာမက" ပုဂ္ဂိုလ်တို့၏ အမြဲမှီခိုနေထိုင်ရာလည်းဖြစ်ပေ၏။

၂။ တွင်း, ပ နှစ်ဖြာ ရွှေ, ငွေ, ရတနာ စသော ဥစ္စာပစ္စည်း သိပ်သည်းပေါ‌ယယ် ကြွယ်ဝချမ်းသာ လူများစွာတို့၏ သာယာချမ်းမြေ့ ပျော်မွေ့နေထိုင်ရာလည်း ဖြစ်ပေ၏။

၃။ ဆန်းပြားတင့်တယ် ရှုချင်ဖွယ်သော ကြီးကျယ်ခမ်းနား နေရာအိမ်ဖြင့်လည်း စည်ကားပြည့်နှက်လျက် ရှိပေ၏။

၄။ ဘေးအန္တရာယ် ရန်စွယ်ဝေးရှောင် လူအပေါင်းတို့ဖြင့် တင့်တယ်သိုက်မြိုက် ပျော်ပိုက်ဖွယ်ရာလည်း ဖြစ်ပေ၏။

mgyoe.com

mgyoe.com


၅။ သန့်ရှင်းကြည်လင်သောအရိပ်ရေ,အထွေထွေသောသစ်ပင်,ပန်းမန်, ကြိုင်လှိုင်ပြည့်စုံ လွှမ်းခြုံယှက်သန်း ရမ္မက်ဖမ်းလောက်အောင် တင့်ဆန်းသော ဂုဏ်ကျက်သရေကိုလည်း ဆောင်ပေ၏။

ထိုရွာကြီးသည်ကား ဝေးနီးကြေညာ စိုင်ပြင်ရွာဟု ကျော်စောထင်ရှားသော ရွာကြီးပေတည်း။ ထိုစိုင်ပြင်ရွာကြီး၌ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိဩတ္တပ ဟူသော သူတော်ကောင်းတို့၏ ဥစ္စာ ရတနာခုနစ်ပါးတို့နှင့်လည်းကောင်း၊ ရွှေငွေ စသော လောကီရတနာ, လယ်ယာမိုဃ်းမြေ, ခြံရွေများစွာ ဆွေဥာတကာတို့နှင့် လည်းကောင်း ညီညာပြည့်စုံကြလျက် သမ္မာအာဇီဝ ဟူသော တရားနှင့်လျော်စွာ အသက်မွေးမြူခြင်းဖြင့် ကုသိုလ်တရားပွားများ၍ ဝမ်းမြောက်ရွှင်လန်း ပျော်မွေ့စွာ နေထိုင်ကြသူတို့ကား အကြင်မည်သော ဦးထွန်းသာ၊ ဒေါ်ကြုံး ဇနီးမောင်နှံ နှစ်ဦးတို့ ဖြစ်လေသည်။

## သန္ဓေတည်၍ ဖွားမြင်ချိန်


ဆိုခဲ့ပြီးသည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ဦးထွန်းသာ၊ ဒေါ်ကြုံး နှစ်ဖြာသော ဇနီးမောင်နှံတို့၏ သာယာသိုက်မြိုက် ခန်းကြာတိုက်၌ "လယ်တီဆရာတော်" ဟု ထင်ပေါ်ဖြစ်ပွား ကျော်ကြားလတ္တံ့သော မဟာထေရ်မြတ်ကြီး၏ လောင်းလျာသည် ကောင်းစွာကြည်ဖြူ စွဲယူသန္ဓေ တည်နေတော်မူလတ်သတည်း။


ယင်းသို့ ပဋိသန္ဓေ တည်နေတော်မူပြီးသည့်နောက် ဆယ်လစေ့မြောက်တိုင်ရောက်လတ်၍ အတိတ်သာသနာ နှစ် ၂၃၉၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ ညဥ့်တစ်ချက်တီးကျော်၊ ၂–ပါဒ်၊ ၂– ဗိဇနာ၊ ၅– ပြန်၊ ၁– ခရာ၊ သိဟ်လဂ်၊ တူစန်း၊ တနင်္ဂနွေတြင်း၊ တနင်းလာနဝင်း၊ ၉– လုံး၊ ၂– ပါဒ်ထက် လက်စီးလျက် ဗိရဏီနက္ခတ် မွန်းတည့်လတ်၍ ကောင်းမြတ်သော သုနက္ခတ္တ သုမင်္ဂလကြိမ် ကြိုက်သောအချိန်တွင် ငြိမ်သက်ချမ်းမြေ့ ကြည်လင်သာယာစွာ မဟာထေရ်မြတ်၏ လောင်းလျာ သတို့သားရတနာကို မိီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

mgyoe.com

mgyoe.com


## ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဇာတာတော်




## ဇာတာတော်ဘွဲ့– ကေပိုဒ်
## သံပိုင်းလင်္ကာ

မင်္ဂလာဇေယျု၊ ခါကောင်းကြုံသား၊ မြန်ဘုံတည်ခင်း၊ ဒီပရင်း၏၊ ခွင်းသွင်း– ဝင်ပါ၊ စိုင်ပြင်ရွာတွင်၊ အဋ္ဌာသုည၊ ဒွိကေဟု၊ သက္ကရာဇာ၊ တေရသာတည့်၊ လမှာနတ်တော်၊ တစ်ချက်ကျော်တွင်၊ ပျော်ရာတုသီ၊ တာဘူမိမှ၊ ဤသည် လူ့ရွာ၊ ဆင်းကြွလာ၍၊ ချိန်ခါထိုနေ့၊ ဆယ်လစေ့ခဲ့၊ ခြသေ့်နံထူး၊ ရက်ညွှန့်ဖူးဝယ်၊ မိးရှုးသန့်စင်၊ မယ်တော်မြင်၏။ တူတွင်စန္ဒြာ၊ ကေသရာနှင့်၊ တစ်ဖြာရာဟု၊ သုံးဂြိုဟ်စုခဲ့၊ ဓနုဂဠု၊ ဆင်ပူးဆုံ၍၊ သိဟ်, ဘုံလဂ်နေ၊ ပြိသေဇီဝါ၊ မြွေ, မကာရ၊ စံပျော်ကြရှင့်၊ ပန္နရသ်မှတ်၊ စင်နက္ခတ်တွင်၊ ၂– ပါဒ်မြင်၏။ အောင်မင်္ဂလာ၊ ချိန်ဇေယျာဥ္စ၊ မဟာသေဋ္ဌ၊ လက္ခဏာနှင့်၊ ဥက္ကဋ္ဌဖျား၊ တို့ရှင်ဖွားသည်။ ။ သုံးပါးလူတို့ မှန်ကင်းတည်း။

**မင်္ဂလာနိမိတ်ထူး**

ယင်းသို့လျှင် ရတနာသုံးပါး ဦးထိပ်တင် တန်ဆာအသွင်သို့ ဆင်ယင်ကြည်နူး မီးရှူးသန့်စင် ဖွားမြင်ဆဲအခါ ဖြစ်ပေါ်လာသော အံ့ဖွယ်သိရဲ

mgyoe.com

mgyoe.com

မင်္ဂလာနိမိတ်ထူးကြီးသည်ကား အိမ်၏ ဥပစာအတွင်း ပုဆိုးတစ်ပတ်ခန့်ရှိ မန်ကျည်းပင်ကြီး၌ စုရုံးထောင်ထားသော ဝါးလုံးတွေကြားထဲမှ စို့တစ်ကိုင်း ဟူ၍ လည်းကောင်း၊ သိကြားမင်းလေး ဟူ၍ လည်းကောင်း အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသော "စို့သက်တင်ရေးကြီး" သည် မီးရှူးမီးပန်းကြီးတမျှ ဆန်းကြယ်စွာ ပေါ်ထွက်လာသောကြောင့် စိုင်ပြင် ရွာသူရွာသားတို့သည် အုန်းအုန်းကျွက်ကျွက် သူ့ထက်ငါ တိုးဝှေ့၍ လာရောက် ကြည့်ရှုနေကြစဉ် အဆိုပါ စို့သက်တင်ရေးကြီးသည် အထက်ကောင်းကင်မှ ရှူးရှူးရှဲရှဲနှင့် ညွတ်ကိုင်းပြီး အိမ်တွင်းသို့ ဝင်၍လာ၏။ အိမ်တွင်းမှ တစ်ဖန် အိမ်ခေါင်မိုးသို့ ပျံတက်ပြီး အဝါတစ်တန့်၊ အစိမ်းတစ်တန့်၊ အပြာတစ်တန့်၊ အနီတစ်တန့် ရောင်မျိုးစုံယှက်သန်း၍ အံ့ဩဘနန်း အထက်ကောင်းကင်လမ်းသို့ ပျံသန်း ပျောက်ကွယ်သွားသော ဟူ၏။

## စို့သက်တင်ရေး

စို့သက်တင်ရေးဆိုသည်ကား ဣန္ဒာဝုဓ–ဣန္ဒဓနု၊ စို့သက်တင်ရေး။

ရဝိကိရဏာ ဗဟုဝဏ္ဏာ ဝါတေန ဝိလောဠိတာ နဘောသမ္ဘေ သက္ကာဝုဓ သဏ္ဌာနာ ဒိဿန္တိ။ ယန္တုဣန္ဒာဝုဓမိတိသာဟသင်္ကော၊ ဝါသုကီဖဏာမဏိဇုတိ ဝမ္မိကရန္ဓာ နိစ္ဆရိတွာနဘော သမေဃေ သက္ကဓနုရာကာရတ မာပဇ္ဇတေ ဣစ္စညော။

[အမရကောသဝိန္ဒာမဏိဋီကာ။]

**အနက်ကား။** ။**ဗဟုဝဏ္ဏာ**၊ များသောအဆင်းရှိကုန်သော။ **ရဝိကိရဏာ**၊ နေ၏အရောင်တို့သည်။ **ဝါတေန**၊ လေသည်။ **ဝိလောဠိတာ**၊ မွှေနှောက် ချောက်ချားအပ်ကုန်သည်ဖြစ်၍။ **သမ္ဘေ**၊ တိမ်တိုက်နှင့်တကွသော။ **နဘော**၊ ကောင်းကင်၌။ **သက္ကာဝုဓသဏ္ဌာနာ**၊ သိကြားမင်း၏ လေးသဏ္ဌာန်ရှိကုန်သည် ဖြစ်၍။ **ဒိဿန္တိ**၊ ထင်ကုန်၏။ **ယံတု**၊ ယင်းနေရောင်သည်ကား။ **ဣန္ဒာဝုဓံ**၊ ဣန္ဒာဝုဓမည်၏။ **ဣတိ**၊ ဤသို့။ **သာဟသင်္ကော**၊ သာဟသင်္ကဆရာ ဆို၏။ **ဝါသုကီဖဏာမဏိဇုတိ**၊ ဝါသုကီနဂါးမင်း၏ ပါးပျဉ်း၌တည်သော ပတ္တမြား

mgyoe.com

mgyoe.com


ရောင်သည်။ **ဝမ္မိကရန္ဓာ၊** တောင်ပို့တွင်းမှ။ **နိစ္ဆရိတွာ၊** ထွက်၍။ **သမေဃော၊** မိုဃ်းတိမ်နှင့်တကွသော။ **နဘော၊** ကောင်းကင်၌။ **သတ္တစနေ့ရာကာရတံ၊** သိကြားမင်းလေးသဏ္ဍာန်ရှိသည်၏အဖြစ်သို့။ **အာပဇ္ဇတော၊** ရောက်၏။ **ဣတိ၊** ဤသို့။ **အညော၊** တစ်ပါးသောဆရာ ဆို၏။

ဤသို့သော မင်္ဂလာနိမိတ်ထူးကြီးကို ဖွားမြင်တော်မူစ သမယကပင်လျှင် ပညာ့ပါရဂူ ဝိဒူကဝိန် သုခမိန်တို့ ပညိန္ဒြေဖြင့် ဝေဖန်ဆင်ခြင်ရှုမြော်ပြီးလျှင် ဤသတို့သားရတနာကား နောင်သောအခါ သာသနာတော်၌ မွေ့လျော်စွာ သုံးဖြာသော ပိဋကတ်ကို တတ်မြောက်လိမ္မာ ဂန္ထာဓိုရ်ကြီးတစ်ဆူဖြစ်လျက် တက်သစ်သော နေ၊ လအသွင် ဂုဏ်အင်တလူလူ ဇမ္ဗူမြဆုံ ပျံ့နှံ့ကျော်ကြား ထင်ရှားကျော်စောလတ္တံ့ဟု စေ့ငုအတိတ် နိမိတ်မင်္ဂလာဖတ်ကာ ဟောကြားကြလေကုန်သတည်း။

**မှတ်ချက်။** ။ အဘ ဦးထွန်းသာ၊ အမိ ဒေါ်ကြုံးတို့မှာ မွေးချင်း ပေါက်ဖွား ငါးယောက်တွင် ပထမမြောက်သားအကြီး သေဆုံး၍ သားလေးယောက် ထွန်းကားလေသည်။

၁။ ဒုတိယမြောက် ဦးတက်ခေါင်သည် လယ်တီဆရာတော်ဘုရားကြီး ဖြစ်လာ၏။

၂။ တတိယမြောက် ဦးတက်စွာသည် လူဝတ်ကြောင်နှင့် နေ၏။

၃။ စတုတ္ထမြောက် ဦးတက်ပွားသည် ဦးကုမာရ ဟူသော ဘွဲ့အမည်နှင့် သာသနာဘောင်တွင် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ နောင်တော် လယ်တီဆရာတော်ဘုရားကြီးလောက်နီးနီး ပညာအရည်အချင်းဘက်က ထွန်းတက်လာ၏။ ပထမပြန် ဦးကုမာရဟု ကျော်စောထင်ရှားလာ၏။

၄။ ပဉ္စမမြောက် ဦးတက်ထွားသည် ဦကိတ္တိ ဟူသော ဘွဲ့အမည်နှင့် ရဟန်း ဖြစ်လာ၏။

mgyoe.com

mgyoe.com

ကြန်အင်လက္ခဏာ

လယ်တီဆရာတော်ဟု ထင်ပေါ်ကျော်စောလတ္တံ့သော ထိုသတို့သား သူငယ်သည် ရှေးရှေးသော ဘဝများစွာက သူတစ်ပါးတို့ထက် ထူးချွန် အလွန်အားဖြင့် ပွားများဆည်းပူးအပ်ပြီးသော ကုသိုလ်ပါရမီ ဒဗ္ဗသမ္ဘာရ အဟုန်တို့နှင့် ပြည့်စုံလေရကား–သံသုဒ္ဓ ဂဟဏိက, အက္ခိတ္တ, အနုပကုဋ္ဌ, အဘိရူပ, ဒဿနီယ, ပါသာဒိက, ဝဏ္ဏပေါက္ခ ရသံယုတ္တ, ကလျာဏဝါက္ကရဏ, ပေါရိဝါဒ, အနေလ, ဗြဟ္မဝဏ္ဏီ, ပိယဘာဏီ, မိဟိတပုဗ္ဗဘာဏီ စသည် ဥသုံလွှမ်းခြုံတင့်တယ်သော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံပေ၏။

အမည်ပေးမင်္ဂလာ

ဆိုခဲ့ပြီးသောဂုဏ်တို့နှင့် ပြည့်စုံသော သတို့သား ရတနာကို မီးရှူး သန့်စင် ဖွားမြင်ဆဲအခါ "စို့သက်တင်ရေးကြီး" သည် အိမ်တွင်းမှတက်၍ အိမ်ခေါင်မိုးအထက် ကောင်းကင်တစ်လွှားသို့ ပျံသန်းသွားသော မင်္ဂလာ နိမိတ်ထူးကို အစွဲပြု၍ မောင်တက်ခေါင် ဟူသော အမည်တော်ကို ယူမြော်ချင့်စား ဘိုးဘွားဉာတကာတို့နှင့်တကွ မြွက်ဟလှစ်ကြ၍ ကြည်ဖြူမှည့်ခေါ်ခြင်း **နာမ ကရဏမင်္ဂလာသဘင်ကို** ဆင်ယင်ခြင်းပြုကြလေသည်။

ဖွားမြင်တော်မူခန်းပြီး၏။

❐

mgyoe.com

mgyoe.com

## ၂ - ကျောင်းသား သာမဏေဘဝနှင့် ပညာဆည်းပူးခန်း

### ကျောင်းအပ်ရှင်ပြု

မဟာထေရ်မြတ်လောင်းလျာ၏ မိဘနှစ်ဦးတို့မှာ ပစ္စည်းဘောဂ ကြွယ်ဝချမ်းသာကြသည် အားလျော်စွာ မိကြီး, မိထွေး, အဒေါ်, အရီးနှင့် ဆွေမျိုးသားချင်းတို့သည် ဆရာတော်ကြီး၏ အလောင်း "မောင်တက်ခေါင်" ကို သူတစ်မျိုး ငါတစ်လှည့် ရှုကြည့်ပိုက်ချီ အလီလီသော အဝတ်အစားတို့ကိုလည်း ကျွေးမွေးဝတ်ဆင်ပေးကြ၍ "သုခေဓိတ" ချမ်းသာသဖြင့် ကြီးရင့်၍လာရာ ပညာသင်ယူရန် ၁၀ နှစ်သား အချိန်အရွယ် ရောက်လာလတ်သော် စိုင်ပြင်ရွာ ကျောင်းမတိုက် ဆရာတော်ဦးနန္ဒအထံ ပညာသင်ကြားရန် ကျောင်းအပ်နှံခြင်းကို ပြုကြလေသည်။

### ပညာရေး၌ ခြေသွက်ခြင်း

ပညာသင်ကြားရန် အပ်နှံပြီးသည်ကစ၍ ဆရာ၏ ထံပါး၌ ဝပ်တွားတုပ်ပျပ် ဆည်းကပ်နေ့ည ဥဿုဟဖြင့် နိစ္စမကွာ ဆရာ၌ပြုအပ်သော ဝတ်ကြီးဝတ်ငယ်တို့ကို လစ်ဟင်းဆုတ်ယုတ်ခြင်း မရှိစေဘဲ ရှိသေစွာ လုပ်ကျွေးပြုစုပြီးလျှင် ပညာများကို သင်ကြားဆည်းပူးလေ့လာရာ ပါရမီဓာတ်ခံ ရင့်

mgyoe.com

mgyoe.com

သန်လျင်ဆော သဘောညဏ်ရည် ရှိသည့်အလျောက် သရရှစ်လုံး, ဗျည်းသုံးဆယ့်သုံး သင်ပုန်းကြီးနှင့်တကွ ဌာန်, ကရိုဏ်း, ပယတ်ဝေဖန်လတ်၍ ရွတ်ဖတ်ပုံနည်း နိဿရည်း ဥဿုံအလုံးစုံကို ပြဆိုရာ သိက္ခာကျမ်းမျိုးကို အစပြုကာ မြန်မာဘာသာ ကောင်းမွန်စွာ ရေးသားဖတ်ဆိုနိုင်ခြင်းရှိသည့် ပြင် မင်္ဂလသုတ်, နမက္ကာရ, တွင်း-ပြင်အောင်ခြင်း, ပရိတ်ကြီးပါဠိတော်, လောကနီတိ, ဓမ္မနီတိ, ပါဠိ မြန်မာ အဖြာဖြာသောသူငယ်တို့ သင်ခန်းစာများကို မငြိုမငြင် ဆင်းရဲပင်ပန်း ခဲယဉ်းခြင်းမရှိဘဲ လွယ်ကူစွာ အာဂုံနှုတ်တက် သွက်သွက်ရရှိ မိမိရရ ကျနသေခွေ ထုံးနှယ်ချေသို့ ကျေပွန်တတ်မြောက် လိမ္မာခြင်းသို့ ရောက်လေသည်။

## ရှင်ဉာဏဓဇ ဖြစ်လာခြင်း

၁၅ နှစ်အရွယ်တွင် မယ်တော် ခမည်းတော်တို့သည် ရတနတ္တယမာမက, ကမ္မဝိပါက- နိစ္စလသဒ္ဓါ ပြည့်စုံစွာ ရှိပြီးဖြစ်ရကား အဆိုပါ ကျောင်းမတိုက် ဆရာတော် ဦးနန္ဒအထံတော်တွင် သာမဏေရ ပရိက္ခရာစုံလင်စွာဖြင့် ချီးမြှင့်ကြလေသည်။ ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီးသည်လည်း သာမဏေမောင်ရှင်အား ပညာထူးချွန် ဉာဏ်အမွန်တို့ထက် ကဲလွန်သော ပညာဂုဏ် အရည်အချင်းနှင့် ပြည့်စုံအံ့သော ပုဂ္ဂလဝိသေသ တရထည်အာဇာနည်မြောက်တံခွန်ဆောက်သို့ ပေါ်ပေါက်ထွန်းကားမည့်အရေး မြော်တွေးထောက်ရှုဆင်ခြင်တော်မူလျက် **ရှင်ဉာဏဓဇ** ဟူသော ဘွဲ့ထူးဖြင့် ချီးကျူးမှည့်ခေါ်ပေးသနားတော်မူလေသည်။

ငင်းဆရာတော်အထံတော်မှာပင် ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂဟကျမ်း, ဝိထိလက်ရိုး, မာတိကာ, ဓာတုကထာ, ယမက, ပဋ္ဌာနဟူသော နေ့ဝါညဝါဆိုင်ရာ ဟောရိုးကျမ်းစာများကို ပါရမီရင့်ထွား အစွမ်းအားကြောင့် သင်ကြားပေါက်ရောက် တတ်မြောက်လိမ္မာ ကြေညာထင်ရှား သာမဏေတစ်ပါးအဖြစ်သို့ ကောင်းစွာ ရောက်လေသည်။

mgyoe.com

.mgyoe.com


ဗေဒင်ပညာ သင်ကြားခြင်း

၁၈ နှစ်အရွယ် ရှင်သာမဏေအဖြစ်နှင့် ရဲထွက်ရွာ အရှေ့ဘက် ဝေဒပါရဂူဆရာတော် ဦးဂန္ဓမာအထံတော်တွင် ဗေဒင်ဘက်ဆိုင်ရာ ပညာများကို ပေါက်ရောက်အောင် သင်ယူသည်၊ ကျည်းကန်ကိုရင်ကြီး လင်္ကာကို နည်းယူပြီးလျှင် ဗိုလ်, သုဇိတာ, ဗျဂ္ဃတာ, ဓာတာဘွဲ့, သင်္ကြန်တွက်, လက်ရိုးလင်္ကာကို ရေးသားစီရင်တော်မူသည်။

ရတုကဗျာ လေ့လာခြင်း

ထိုစဉ်အခါ မဟော်ဓာတ်ထုပ်, မဟော်ကျေးစေခန်း ရတုကဗျာ, ရှင်လောင်းလှည့်ပွဲတွင် ဆိုသော ရွှဲတိုက် ရတုလင်္ကာများကိုလည်း ရေးသားတော်မူသည်၊ ဉာဏ်မီးတောက်စ ရှင်သာမဏေအဖြစ်နှင့် ရေးသားတော်မူသော မဟော်ကျေး စေခန်းရတုကဗျာကို အလျဉ်းသင့်သဖြင့် ကဗျာဝါသနာပါကြသော ရှင်လူတို့အတွက် ထည့်သွင်းဖော်ပြပေအံ့။

မဟော်ကျေးစေခန်းရတုကဗျာ

ကဗျာတိ ကဗျ သုဗျတ္တံ၊
ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ။
သုဝါဏာပက ဟေတု တံ၊
ကဗျံ ဗန္ဓာမိ သာစုကံ။ ။

အဟံ၊ ငါသည်။ **ကဗျာတိ ကဗျာ သုဗျတ္တံ၊** ကဗျာဗန္ဓအရာ၌ တေဒဂ်တင် အရှင်ဝံဂီသ စသော မထေရ်တို့ထက် လွန်ကဲသော။ ဝါ၊ ကဗျာဗန္ဓအရာ၌ အထူးသဖြင့် လိမ္မာတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ **သာဒရံ၊** ရိုသေစွာ။ ဝါ၊ **သာဒရံ– သာဒရေန၊** ရိုသေခြင်းနှင့်တကွ။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ **သုဝါဏာပကဟေတု၊** ကျေးသားစေခြင်းကို ဆိုရာဆိုခြင်း၏ အကြောင်းဖြစ်သော။ **တံကဗျံ၊** ထိုကျေးစေခန်းရတုကဗျာကို။ **သာစုကံ၊** ကာရက, ကြိယာ စပ်ရာဆိုက်ရေး မထွေးမယှက် မပျက်ကာရန် ဝေဖန်စိတ်ဖြာ ကောင်းစွာ ပြေပြစ်သည်ကိုပြု၍။ **ဗန္ဓာမိ၊** ဖွဲ့ဆိုသီကုံးပေအံ့သတည်း။

mgyoe.com

mgyoe.com

၁။ ဇဝနတိက္ခ၊ ဂမ္ဘီရသည်၊ ဟာသ– တုမမြော်။ ။ ပညာစက်မီး၊ ကြံတိုင်ပြီးသည်၊ ပွင့်နီးလောင်းမဟော်ဟု။ ။ ကျွန်းအမော်ငယ်၊ ထွန်းပေါ် ဂုဏ်သတင်း။ ။ စက်သူရကန်၊ မျက်မှုဖန်သည်၊ ရောင်လျှံထိန်ထိန် လင်းသို့။ ။ သက်ကုန်နှင်းသည်၊ ဖြောင့်စင်းနှံမေတ္တာ။ ။ ပြိုင်ဆွယ်မနိုင်း၊ ကြော့ကသိုဏ်းသည်၊ ဖော့ပိုင်းယဉ်မူရာနှင့်။ ။ မည်သညာသည်၊ သာဝယာခေါ်မငြီး။ ။ အမရာတဲ့၊ သူဇာနွဲ့သည်၊ တကယ့်ဆွေဇနီးနှင့်။ ။ ပျော်စံမှီးသည်၊ ရိပ်ကြီးဆောင်ရဝေ။ ။ ဥပရာနှုန်း၊ တေဇာဘုန်းကြောင့်၊ ရန်လုံးရှုံ့ကာပြေမှ။ ။ ကြံပုံပွေသည်၊ တပြေပဉ္စာမင်း။ ။ ထံတော်မပြတ်၊ မြဲခညွတ်သည်၊ ကေဝဋ္ဋသဟာရင်းတို့။ ။ ဖြောင့်မစင်းသည်၊ နှောင့်နှင်းမိစ္ဆာဉာဏ်။ ။ အကြံမလှ၊ ဝက်န္တကို၊ ခဏသိသင့်တန်ဟု။ ။ တူမောင်နှံသည်၊ အကြံလူမသိ။ ။ နှစ်ကိုယ်တော်ကြား၊ ချိုစကားကို၊ နှစ်ပါးတိုင်ပင်ညှိရွှေ့။ ။ မြဲရောင်အိသည်၊ မဏိခြယ်စီမံ။ ။ ရွှေမကန်းကွက်၊ ဝေသန်းယှက်သည်၊ ပန်းခက်မိုးပြတာန်နှင့်။ ။ ဖိုးမင်းသည်၊ ရိုးတန်စိန်စီတွဲ။ ။ ရောင်လျှံဝေအိုင့်၊ ဗွေဖိုင့်ဖိုင့်သည်၊ ရွှေချိုင့်စံအိမ်ထဲဝယ်။ ။ ပျော်စံနွဲ့သည်၊ ရွှေခဲမြီးတံသွယ်။ ။ အမရာမယ်တွေး၊ ငယ်ကမွေးသည်၊ ရွှေကျေး, စေတိုင်းလွယ်ကို။ ။ နှုတ်သံကြွယ်သည်၊ ရှုဖွယ်သူ့ဟန်ပန်။ ။ ရေးရာကိစ္စ၊ စေတိုင်းရသည်၊ သူဝကိုတမန်ဟု။ ။ တိုင်ပင်ရန်သည်၊ သက်နံ့– မောင့်ကိုနော်။ ။ ရွှေချိုင့်က– ဆင်း၊ ထံတော်ရင်းသို့၊ ချက်ချင်းရောက်စေခါသည်။ ။ စေတော်မူလိုရေးနှင့်လေ။ ။ စိန်ချိုင့်စံပျော်၊ ကျေးရွှေလှော်ငဲ့၊ လာတော်မူသင့်သေး၏လေး။ ။

၂။ သီလာမေရု၊ မြေပံသုသည်၊ တန္တုနှိုင်းမမြင်။ ။ သကာချိုအေး၊ ကိုယ်တိုင်ပေးသည်၊ ချစ်ကြွေးမောင့်ကိုကြင်၏။ ။ ကျေးဖူးရင်သည်၊ သခင်ဆွေနှစ်ပါး။ ။ ရွှေခဲသူဝ၊ ချစ်မောင်လှသည်၊ ခဏလာစေသားဟု။ ။ မိန့်စကားကို၊ ရွှေနားတင်ရလျှင်။ ။ ရွှေချိုင့်က– ဆင်း၊ ထံတော်ရင်းမှာ၊ ဝပ်ဆင်းရှိဦးတင်ရွှေ့။ ။ဘက်မမြင်သည်၊ သခင်ဘုန်း
mgyoe.com

mgyoe.com


နှစ်ဆူ။ ။ အကျိုးအကြောင်း၊ ဆိုးအကောင်းကို၊ နွဲ့နှောင်းမိန့်တော်မူပ။ ။ တောင်ဇမ္ဗူတွင်၊ တစ်ဆူကျွန်တော်ရင်း၊ ကောင်းကင်အထွတ်၊ ကြယ်ကိုဆွတ်သည်၊ မလွတ်ယူဆောင်ကြဉ်းအံ့။ ။ လိုတော်ရင်းကို၊ သနင်းမိန့်တော်မူ။ ။ အဗ္ဘန္တရ၊ သီးချိုမြကို၊ ခဏသွား၍ယူအံ့။ ။ လိုတော်မူလျှင်၊ ဝေပူတောင်သာဝှမ်း။ ။ မနော်မျက်မြတ်၊ ဇောတရယ်ကို၊ ထက်ကြပ်ယူနိုင်စွမ်းငဲ့။ ။ ညိုးခွေနွမ်းသည်၊ မလန်းရွှေမျက်နှာ။ ။ လိုတော်မပြည့်၊ ရှိသရွေ့ကို၊ စေ့စေ့သိချင်ပါဟု။ ။ နှုတ်သံဝါသည်၊ မျက်နှာရွှင်ပြုံးပြုံး။ ။ အကျိုးတော်လို၊ ကျေးမြည်ိုသည်၊ သံချိုနှာဖွယ်ရုံးရွှေ။ ။ သခင်ဘုန်းကို၊ စုရုံးကုန်မကျန်။ ။ ရဲမာန်တင်းတင်း၊ ရေးကုန်နှင်း၍၊ ဝပ်စင်းအာမခံသည်။ ။ တမန်ကျေးရွှေခဲတည့်လေ။ ။ တောင်ပံစိမ်းလွင်၊ စေတိုင်းတွင်သည်၊ ရွှေစင်ကျေးသူရဲတည့်လေး။ ။

၃။ မြသက်တင့်သွေး၊ နုနုရေးသည်၊ ညွတ်ကွေးသူ့အတောင်။ ။ သန္တာနှုတ်သီး၊ ရှုမငြီးသည်၊ ကျေးကြီးသားချစ်မောင်ငဲ့။ ။ ကြံတိုင်းအောင်သည်၊ ရွှေတောင်မြဂမုန်း။ ။ မြဲမြံမဆုတ်၊ ရဲမာန်ထုတ်သည်၊ မယုတ်စွမ်းအင်ရှန်းရွှေ့။ ။ ဒါလီကုံးသည်။ ကြော့ဆုံးကျေးရွှေစင်။ ။ အကြံတွေးခက်၊ အရေးနက်ကို၊ စိန်ခက်ရွှေနားတင်ပ။ ။ စိမ်းညိုလွင်သည်၊ ရေယဉ်ပတ်ကာဝိုင်း။ ။ ဝေးယူဇနာ၊ ခရီးကွာသည်၊ ပဥ္စာတပြေတိုင်းဝယ်။ ။ အာဏာလွှိုင်းသည်၊ ဖြတ်ပိုင်းဘုန်းတေဇာ။ ။ မင်းဖြဟ္မဒတ်၊ ဆရာမှတ်သည်၊ ကေဝဋ္ဋလူမိစ္ဆာတို့။ ။ ကြံယုတ်မာသည်၊ မေတ္တာအလွန်ကင်း၊ ထီးဖြူအုပ်ဆောင်း၊ မင်းအပေါင်းကို၊ ထောင်းထောင်းသုတ်သင်ရှင်းရွှေ့။ ။ ဇမ္ဗူတွင်းဝယ်၊ နှစ်မင်းမဆက်ဆံ။ ။ ခွန်ယူသိမ်းကျုံး၊ ကျွန်းအားလုံးဝယ်၊ မင်းဆုံးမြောက်စိမ့်ဉာဏ်နှင့်။ ။ ဘုန်းစက်လျှံသည်၊ ဘက်ရန်မပေါ်ရှင်း။ ။ ငါတို့ထိပ်ထား၊ မင်းမြတ်ဖျားကို၊ စကားအယုံသွင်းရွှေ့။ ။ သမီးရင်းသည်၊ ကြော့ရှင်းမာယာပင်။ ။ စန္ဒီနုထွား၊ ရွှေနန်းဖွားနှင့်၊ စုလျားထပ်လိုချင်ဟု။ ။ ထဲကျွမ်းဝင်သည်၊

mgyoe.com

mgyoe.com


တိုင်ပင်အဖော်ရင်း။ ။ ဆရာကောဝိဒ္ဓ၊ တမန်ညွှတ်၍၊ စေလွှတ်ရောက်လာခင်းကို။ ။ မဖြောင့်စင်းသည်၊ ခဲယဉ်းသူ့အကြံ။ ။ အလွန်လျှို့ဝှက်၊ အတွေးခက်သည်၊ ဆက်ဆက်မှုမမှန်ခဲ့။ ။ ထိုမင်းထံဝယ်၊ နိယံသူပျော်သြောင်း။ ။ စကားလိမ္မာ၊ သာလိကာလျှင်၊ သေချာသိသင့်ကောင်းငဲ့။ ။ သည်အကြောင်းကို၊ ဆိုးကောင်းသိအောင်နော်။ ။ ရပ်ဝေးဌာန၊ ပဉ္စာလသို့၊ ခဏသွားမှတော်လိမ့်။ ။ စိန်ချိုင့်ပျော်သည်၊ တိုက်ကျော်မြရည်သွေး။ ။ မယ်သာလိကာ၊ ဆက်ရက်ပြာကို၊ မေတ္တာချစ်ရည်ကျွေးရွေ့။ ။ ကြံပုံရေးကို၊ မေးတဲ့ချေကွဲ့နော်။ အကြံခက်တောင်း၊ သည်အကြောင်းကြောင့်၊ နွဲ့နှောင်းမောင့်ကို ခေါ်သည်။ ။ ကျေးကျော်ဒါလီကုံးငဲ့လေ။ ။ ရပ်ဝေးမြေတာ၊ မြို့ပဉ္စာသို့၊ ကျေးဝါပျံပါဦးကွဲ့လေး။ ။

၄။ နှုတ်သံချိုမွေး၊ ထိုအရေးကို၊ အေးအေးမိန့်သော်ခါ။ ။ တောင်ပံတွဲ့တွဲ့၊ မြတံနွဲ့သည်၊ တကယ့်ရဲသံပါနှင့်။ ။ လောင်းပွင့်လျှာငဲ့၊ စိတ်သာချလို့စံပနော်။ ။ မကြံရင်ပ၊ ကြံလျှင်လှနေကြ၊ သူဝ တမန်ကျော်တဲ့။ ။ မြတ်ဘုန်းမော်ငယ်၊ စိုးတော်မူပါလင့်။ ။ စံသီဂီလှော်၊ မြရောင်လျှပ်တဲ့၊ ပြာသာဒ်ပေါ်မှာ၊ ပျော်ပျော်စံပါသင့်ငဲ့။ ။ ကြံတိုင်းသင့်သည်၊ သခင့်ငယ်ကျွန်ပင်။ ။ ရဲမာန်ထုတ်ကြံ၊ တစ်ကြိမ်နွဲလျှင်၊ ဆယ်ပွဲအောင်သည်။ ကျေးမောင်စေတိုင်းတွင်ဟု။ ။ နောင့်ထိပ်တင်သည်၊ ဗုဒ္ဓင်မြတ်ဆုဦး။ ။ တစ်ဘုန်းဆွေနောင်၊ စေတိုင်းအောင်နေကြ ရဲခေါင်ကြူးဟု။ ။ မြတ်ကျေးဇူးကို၊ မေ့ဘူးခါတစ်ဖန်။ ။ မြမြတင်းတင်း၊ ရဲမာန်သွင်း၍၊ ဝပ်စင်းအာမခံသည်။ ။ စံတော်မူပါရစ်တော့လေ။ ။ တစ်ပါးကျွန်ယုံ၊ အရေးကုန်သည်၊ ကြံပုံတစ်ခါသစ်ပေါ့လေး။ ။

၅။ ဇမ္ဗူ့မြေဆုံး၊ တစ်ပြည်လုံးမှာ၊ ရွှေဘုန်းနေတစ်ဆူ။ ။ ရွှေသမ္ဘာတင့်၊ ဖေယျာမြင့်မှာ၊ အောင်ပွင့်ပန်မည့်သူကို။ ။ နှုတ်မဥ္စူသည်။ ကြည်ဖြူလွန်မြတ်နိုး။ ။ စံရွှေလှော်သား၊ ခြေတော်ဖျားကို၊ ညွှတ်တွားဦးနှိမ့်မိုး၍။ ။ လွန်မြတ်နိုးသည်၊ ရှိခိုးသုံးကြိမ်သာ။ ။ သဥ္စာသြောင်နန်း၊

mgyoe.com

mgyoe.com


ဆောင်ကြငှန်းက၊ အောင်ပန်းဆင်ရစ်ပါတော့။ ။ မင်္ဂလာသည်၊ အခါရှောင်သင့်ငြား။ ။ ရက်ကြမ်းရက်ပုပ်၊ ကိန်းယုတ်သည်၊ ရက်ယုတ်ပြဿဒါးနှင့်။ ။ လွန်ဆိုးဝါးသည်၊ ကျိုးအားသူမထင်။ ။ ဝါရမိတ္တု၊ ပြာပုံစုကို၊ လွတ်မှုဝေးစွာကြဉ်မှ။ ။ ရှောင်စေချင်သည်၊ လူတွင်မှတ်ခေါ်ရင်း၊ ရက်လောင်ရက်ကန်း၊ ကြက်ခြေသန်းနှင့်၊ ခေါ်မှန်းရက်သတင်းကို။ ။ ပြစ်မကင်းသည်၊ နပင်းရက်ဘီလာ။ ။ အကျိုးမပွား၊ ထိုရက်များကို၊ ရှောင်ရှားလွတ်အောင်ခွာရွေ့။ ။ မင်္ဂလာသည်၊ အခါတော်လှသေး။ ။ ပုဏ္ဏခေါ်ညီ၊ ရက်တိထိနှင့်၊ လေးလီစက်ကိုရွေး၍။ ။ ရန်ကွာဝေးသည်၊ ဘေးမျိုးအောင်စေရာ။ ။ အမြိတ္တခေါ်၊ သိဒ္ဓိကျော်သည်၊ ခါတော်ရက်ရာဇာဝယ်။ ။ ရှောင်အပ်စွာသည်၊ ဒိသာရပ်တစ်ပါး။ ။ ဂြိုဟ်အိပ်စန်းကျ၊ ပါပသက်သုဉ်း၊ ခရီးသုဉ်းကို၊ လုံးလုံးလွတ်အောင်ရှားရွေ့။ ။ မတော်ငြားသည်၊ ဆားများတွေ့တတ်စွာ။ ။ သမဖြုကိန်း၊ ရန်မငြိမ်းသည်၊ ဟောကိန်းနမန္တာနှင့်။ ။ မကောင်းရာကို၊ ရှောင်ခွာလွတ်အောင်ကွင်း။ ။ စန်းလက်တူညီ၊ ပထနီနှင့်၊ ရာသီလာဘ၊ တြင်းစသည်၊ သောမဂြိုဟ်ခပင်းနှင့်။ ။ ရန်မျိုးကင်းသည်၊ နဝင်းဓာတ်တူစွာ။ ။ မြိတ္တာလာဘ၊ သိဒ္ဓိစသည်၊ ဝရစုတ်ကိုရှာရွေ့။ ။ အဖြာဖြာကို၊ သေချာစိစစ်ရှောင်း။ ။ သိဒ္ဓိဇေယျာ၊ မင်္ဂလာသည်၊ အခါယခုကောင်းပေ့။ ။ ညောင်ရေလောင်း၍၊ ဆုတောင်းရစ်တော့နော်။ ။ နေညိုကအေး၊ လေချိုသွေး၍၊ ရွှေကျေးပျံချိန်တော်သည်။ ။ ဘုန်းမောင်သမ္ဘာရင့်ငဲ့လေ။ ။ ရပ်ဝေးမြေတာ၊ မြို့ပဥ္စာသို့၊ အခါပျံချိန်သင့်ပေ့လေး။ ။

၆။ ပညာစက်မိုး၊ ဘဝဂ်ဖြိုးသည်၊ သတိုးလောင်းပွင့်လျာ။ ။ တစ်ဖုံကျွန်ရဲ၊ ကျေးရွှေခဲသည်၊ ပျံဝဲထွက်ရှာသော်။ ။ မေဃဝါသည်၊ ဝေဟာတစ်ပြင်လုံး။ ။ ပြိုတော့မယောင်၊ ညို၍မှောင်သည်၊ လျှပ်ရောင်ဖြန့်ကာဖုံးရွေ့။ ။ ဝိုက်ကာချုန်းသည်၊ မိုးလုံးခြိမ့်ခြိမ့်ညံ။ ။ တိမ်ပြာသာဒ်ဝန်း၊ ထပ်တစ်စွန်းမှာ၊ တစ်ကျွန်းသူရကန်သို့။ ။ စက်မိုးလျှံသည်၊

mgyoe.com

mgyoe.com


ဟီးသံတသဲသဲ။ ။ လေသင်ဒိုင်းသွေ့၊ တိမ်လှိုင်းဖေ့သည်၊ မြွေမြွေ ကြွေလုဆဲနှင့်။ ။ မိလ္လာကြဲသည်၊ တိမ်ခဲအဆိုင်ဆိုင်။ ။ အညွန့်အညွန့်၊ တိမ်အစွန့်မှာ၊ စိန်ညွန့်မလ္လာခိုင်သို့။ ။ မိုးလုံးယိုင်သည်၊ ရွှေဆိုင်တော်အလား။ ။ အစုအစု၊ တိမ်အထုသည်၊ ယခုကြွေယောင်သားနှင့်။ ။ တိမ်ညွန့်ကြားမှာ၊ ကျေးသားဖော်မပါ။။ တောင်ပံခတ်ဝဲ၊ တိမ်ကိုခွဲသည်၊ ရွှေခဲမာတစ်ရာလျှင်။ ။ ခရီးကွာသည်၊ ပဋ္ဌာတစ်ပြည်နန်း။။ ယူဇနာပြန့်၊ တစ်ရာခန့်ကို၊ မြော်ဆန့်ရော်ကာရမ်းရွှေ့။ ။ လေချိုဖျန်းသည်၊ မပန်းသူ့ကိုယ်မှာ။။ သူရကန်မိတ်၊ ဖတ်တံဆိပ်သည်၊ လျှံထိပ်ရောင်ရွှေဝါနှင့်။ ။ တောင်လက်ယာသည်၊ စကြာရောင်မညီး။ ။ ရဝိသောဘာ၊ နေကောဇာလျှင်၊ ဂေါရာခိုလုနီးဝယ်။ ။ လေဟုန်စီး၍၊ ခရီးဝေဟာသံ။ ။ တမာကြက်တော၊ ရွှေဥဩတို့၊ သောသောမြိုင်လုံး ညံခဲ့။ ။ စုံမောင်နှံသည်၊ တောင်ပံတဝဲဝဲ၊ အိပ်တန်းတက်မီ၊ နေရီရီမှာ၊ တူညီသံစုံနွဲ့ရွှေ့။ ။ ငှက်တို့ပွဲသည်၊ သဲသဲခြိမ့်ခြိမ့်ဆော်။ ။ လေချိုလည်းခ၊ အချိန်လှကို၊ သူ့ဝတမန်ကျော်လျှင်။ ။ ငွေမောင်းဆော်သည်၊ စည်တော်တဟည်းဟည်း။ ။ နေရောင်မသန်း၊ လရောင်ဖျန်းသည်၊ ညချမ်းလေးချက်တီးဝယ်။ ။ ပျော်မငြီးသည်၊ မြို့ကြီးပဋ္ဌာခွင်။ ။ ကျော်ခါပျံ့ဝဲ၊ ရွှေနန်းထဲသို့၊ ရဲရဲအတင်းဝင်သည်။ ။ စွမ်းအင်မာန်မလေ။ ။ မလွဲမရှောင်၊ တွေ့တိုင်းအောင်သည်၊ ရဲခေါင်ကျေးညိုကြော့တည့်လေး။ ။

၇။ သပြေပတ်ကုံး၊ သောင်းရပ်လုံးဝယ်၊ ရွှေဘုန်းသမ္ဘာရောင်။ ။ ပညာလက်ရုံး၊ ဘက်မနှုန်းသည်၊ ကျွန်းလုံးရွှေတန်ဆောင်ဟု။ ။ ကြုံတိုင်းအောင်သည်၊ ရွှေညောင်စိုးမည့်ဘုန်း။ ။ တစ်ပါးကျွန်ရင်း၊ ရဲမာန်တင်းသည်၊ ကျေးမင်းငါ့လက်ရုံးလျှင်။ ။ တစ်နန်းလုံးသည်၊ အုန်းအုန်းခြိမ့်လို့ညံ။ ။ မင်းစုံမတ်ပေါင်း၊ ညီလာညောင်း၍ သောင်းသောင်းဝန်းပတ်ရံခဲ့။ ။ သီဟာပျံ့ဝယ်၊ ရွှေလျှံထိန်ထိန်ဝင်း။ ။ ကိုးနဝရတ်၊

mgyoe.com

mgyoe.com


ဖိုးအမြတ်သည်၊ ဖြိုးလျှပ်ရောင်စုံလင်းခဲ့။ ။ ဟိုဆောင်တွင်းက၊ ဒုံမင်းခရာသံ။ ။ ရွှေစောင်းငြိမ့်ငြိမ့်၊ နန်းလုံးဖိမ့်မျှ၊ တသိမ့်သိမ့်သဘင်ခံရွှေ့။ ။ ဟိုဆောင်ပျံမှာ၊ တစ်ဖန်ပျော်ပုံခင်း။ ။ ဖော့မဟောသီ၊ ကြော့ဒေဝီတို့၊ ရွှေညီဗလာကျင်းရွှေ့။ ။ ပြာလဲ့ဝင်းသည်၊ ယဉ်မင်းရုပ်ကဲ့နှယ်။ ။ တစ်ဆောင်ကူးသန်း၊ ပျော်ပုံဆန်းသည်၊ ရွှေဖြန်းဒေဝီမယ်တို့။ ။ အသွယ်သွယ်သည်၊ ရှုဖွယ်ကုန်မဆုံး။ ။ အရေးတော်လှိုင်၊ အပြီးတိုင်အောင်၊ ပိုင်ပိုင်ကြဲလေဦးမှ။ ။ သခင့်ဘုန်းနှင့်၊ လက်ရုံးချီတဲ့မောင်။ ။ ပိယံသိဒ္ဓိ၊ ဥုံဣက္ကတ္ထိ၊ ဧဟိသြောင်ဟု။ ။ သွေမရှောင်သည်၊ အောင်နေကြ၊ သူရသတိ၊ နတ်ဒေဝီလျှင်၊ ကူညီလာစေရ၏။ ။ နှုတ်သံမြနှင့်၊ ရွရွဆိုပြီးခါ။ ။ သာလိကာလှ၊ ဆက်ရက်မသည်၊ ကြွကြွတုန်စေရာဟု။ ။ စက်အာဏာသည်၊ ဂါထာသိဒ္ဓိပေါင်း။ ။ ဘေးရန်ကာမှု၊ အောင်ဇေတုဖြင့်၊ အောင်ဆုသူပန်တောင်းရွှေ့။ ။ ပိယကောင်းသည့်၊ နွဲ့နှောင်းရဲတမန်။ ။ သာလိကာညိုစိမ့်၊ ကိုယ်လုံးဖိမ့်မျှ၊ သိမ့်သိမ့်တုန်စေကြဲရွှေ့။ ။ နန်းဝေယံဝယ်၊ တမန်ကျေးရွှေသွယ်။ ။ သာလိကာနား၊ အမြန်ကြားအောင်၊ စိတ်ထားသူကြဲရှုယ်သည်။ ။ ယူမယ်လွတ်ရာဘူးပလေ။ ။ ချိုအေးသာယာ၊ နှုတ်သန္တာနှင့်၊ ခါခါသံစုံကျူး၏လေး။ ။

လေးချိုး ။ ။ တွေ့မရှောင်– အောင်နေကြပ၊ သူဝတဲ့တမန်တော်။ ။ ဗဟိပိယံနှင့်၊ သိဒ္ဓိခံ– နှုတ်သံကြွေ့၊ ပွဲတွေ့အကျော်။ ။ ကြံရင်ပြီးနေကြ၊ ဘုန်းကြီးတဲ့ ကျွန်ပနော်၊ တိုင်းကျော်တဲ့ရွှေကျေး။ ။ ပဍ္ဍာသူသာလိဖြူ တုန်လို့ခိုက်ထည့်အောင်၊ မာယာသံမြူသွယ်ဝိုက်လို့၊ ကျူးလိုက်မယ်လေး။ ။

[ဤကား ကျေးစေခန်းရတု ကဗျာစာအုပ်မှ ထုတ်နုတ်၍ အမြွက်မျှ ပြဆိုပါသည်၊ အကျယ်ကို အလိုရှိသော ကဗျာဝါသနာပါကြသော ပုဂ္ဂိုလ်တို့သည် အဆိုပါ ကျေးစေခန်း ရတုကဗျာစာအုပ်ကို ကြည့်ရှုကြလေ။]

mgyoe.com

mgyoe.com


ရှင်သာမဏေအဖြစ်နှင့် သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါငယ်များကို သင်ကြားစဉ် ဝစ္စဝါစက အကောက်ပေါင်းကို ကြည့်ရှုလျက် ၎င်း၌ မသင့်မလျော် မပေါ်လွင်သော အချက်စုကို ပေါ်လွင်ထင်ရှား မြင်လုံးထွားအောင် ဝါကျအစဉ်ဖြင့် ဝစ္စဝါစက အကောက်ကိုလည်း ရေးသားတော်မူသည်။

❒

mgyoe.com

mgyoe.com

# ၃ - ရဟန်းဘဝနှင့် ပညာဆည်းပူးခန်း

**ရဟန်းအဖြစ်သို့ ရောက်ခြင်း**

မဟာထေရ်မြတ်လောင်းလျာ "ရှင်ဉာဏဓဇ" သာမဏေသည် ပညာသင်ကြား ဆည်းပူးခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေကာ နေထိုင်လျက်ရှိစဉ် အသက် ၂၀ ပြည့်သောအခါ သက္ကရာဇ် ၁၂၂၈ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့တွင် စိုင်ပြင်ရွာ မြင်တင်တိုက် သာသနဝုမှိ သာသနဝေပုလ္လ သာသနသောဘိနီ ခဏ္ဍသိမ်တော်မြတ်၌ ဆရာတော်ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ ကာရကသင်္ဃာတော် ၂၂ ကျိပ်ကျော်တို့သည် ဥပသမ္ပဒကံမြောက်အောင် ထောက်ပင့်ချီးမြှင့်တော်မူကြသဖြင့် တိမ်, မြူ, ဆီးနှင်း, ရာဟုမင်းနှင့် မှိုင်းခြင်းအခိုး ညစ်ငါးမျိုးမှ ကင်းပစင်ကွာ ပုဏ္ဏမာသီ စန္ဒီရောင်ထွန်း လပြည့်ဝန်းကဲ့သို့ တင့်ရွှန်းရောင်ဓာတ် ဝတ်, ဥတ်, ကမ္မဝါ, သီမာ, ပရိသတ် သမ္ပတ်ငါးလီ ပြည့်ညီစုံရှိ လုံလောက်ဘိ၍ နိဗ္ဗိစိကိစ္ဆ အဒွေဋ္ဌက နိဿံသယ ဒုတိယာဘိသေက ဥပသမ္ပဒမင်္ဂလာပန်းကို ဆင်မြန်းပန်သ သကျပုတ္တိယ အရိယဝံသ သာကီယစစ် ဘုရားသားတော်အဖြစ်ဖြင့် လျှမ်းသစ်တေဇာ ကိုးဖြာအင်စုံ သာသနာဘုံသို့ ခိုလှုံတက်ရောက်တော်မူလေသတည်း။

mgyoe.com

mgyoe.com


**စာကြည့်ဝါသနာ ပါတော်မူခြင်း**

အရှင် "ဉာဏဓဇ" ရဟန်းတော်သည် စာကြည့်ဝါသနာ ပါလှသောကြောင့် ဥပဇ္ဈာယ်ဆရာတော် ဦးနန္ဒ၏ စာတိုက်ကြီး ငါးလုံးရှိ မြန်မာနိဿယ ဟူသမျှကို ကြည့်ရှုခွင့်ပြုတော်မူ၏။

ဤမျှတွင် အားမရသေး၍ စိုင်ပြင်ရွာ မြင်တင်တိုက်ဆရာတော် ဦးဓမ္မထံတွင်ရှိသော စာတိုက်ကြီး ငါးလုံးမှ မြန်မာနိဿယဟူသမျှကိုလည်း လက်လေးသစ်မျှ မကျန်ရအောင် ကြည့်ရှုတော်မူ၏။ ၎င်းနောက် အကြံတော်ဖြစ်သည်မှာ စိုင်ပြင် ၂– ရွာတွင် တည်ရှိသော ကျောင်းတိုက်ကြီး ၅ တိုက်မှ မြန်မာပြန်နိဿယ စာပေကျမ်းဂန်တို့ကိုလည်း အကုန်ကြည့်ရှုမည်ဟု အကြံတော် ဖြစ်တော်မူသေး၏။ သို့သော်လည်း မန္တလေးရွှေမြို့တော်သို့ ကြွ၍ ပညာရှာမှီးလိုသောကြောင့် စာပေကြည့်ရှုမှုလုပ်ငန်းကို ရပ်ဆိုင်းတော်မူ၏။

**မင်္ဂလာစံကျောင်းဆရာတော်ထံရောက်ခြင်း**

သက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် မန္တလေးမြောက်ပြင် မင်္ဂလာစံကျောင်းတိုက်သို့ ပညာသင်ကြားရန် ကြွတော်မူ၏။

ထိုမင်္ဂလာစံကျောင်း ဆရာတော်ဘုရားကြီးသည် မြင်းခြံဒိစတြိတ်နွားပြင်ရွာ၌ သက္ကရာဇ် ၁၁၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ မိဘတို့ဇာတိရင်း ပခန်းကြီးမြို့ ကျေးလက်ဖြစ်သည်။ အံ့ဩဖွယ်ကောင်းလှသဖြင့် အသက် ၁၂ နှစ်အရွယ်ကပင် မြင်းခြံမြို့သို့ သာသနာရေးကိစ္စနှင့် ကြွလာတော်မူသော သဲအင်းဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် အရှင်ဥ‌ေယျထံ စေလွှတ်အပ်နှံ၏။

အသက် ၂၀ ပြည့်သောအခါ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။ ရဟန်းဒါယကာ သာယာဝတီ မင်းသားတည်း၊ သာယာဝတီမင်း နန်းတက်တော်မူသည် ကစ၍ ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး၏ နန်းမတော် မိဖုရားခေါင်ကြီး ဖြစ်လတ္တံ့သော မင်းသမီး၏ ကိုးကွယ်ခြင်းကို ခံယူတော်မူပြီးနောက်

mgyoe.com

mgyoe.com


ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် စံကျောင်းတိုက်ကို အလှူခံတော်မူသည်ကစ၍ စံကျောင်းဆရာတော်ဟု ထင်ပေါ်ကျော်စောတော်မူလေသည်။

**စံကျောင်းခေါ်တွင်ခြင်း**

အမရပူရမြို့ တည်သောအခါ အင်းဝမြို့နန်းတော်ကို ရွှေ့ပြောင်း၍ ရေနန်းတည်တော်မူသည်။ မန္တလေးမြို့ တည်သောအခါ ရေနန်းတော်ကို ရွှေ့ပြောင်း၍ မင်းဇကရာဇ်စံနန်းတော်ကို ကျောင်းဆောက် လှူဒါန်းသောကြောင့် စံကျောင်းတော်ဟု ခေါ်တွင်လေသည်။ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက်တော်တွင် သုဓမ္မာဝင်ဆရာတော် ဖြစ်တော်မူ၏။

**တံဆိပ်တော်များ**

သာယာဝတီမင်းတရားလက်ထက်တွင်–

"သုဒဿနဝရ မဟာဓမ္မသာမိ ရာဇာဓိ ရာဇဂုရု" တံဆိပ်ကို အလှူခံတော်မူရသည်။

ပဉ္စမသင်္ဂါယနာတင် မင်းတရားလက်ထက်၌–

"သုဒဿနဓဇ အတုလဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကို အလှူခံတော်မူရသည်။

**ကျမ်းဂန်များ**

ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ လျှောက်ထား တောင်းပန်ခြင်းဖြင့် စီရင်တော်မူအပ်သော သာသနိက ကျမ်းဂန်များမှာ စူဠဝါပါဠိတော်နိဿယ, ဓမ္မသင်္ဂဏီပါဠိတော်နိဿယ, ပေစာ (၂၃၀) နှစ်ဆယ့်သုံးအင်္ဂါရှိသော အဆုံးအဖြတ် ဝိနိစ္ဆယကျမ်း စသည်တို့တည်း။

mgyoe.com

mgyoe.com

## ထင်ရှားသော တပည့်တော်ကြီးများ

စံကျောင်းဆရာတော်ဘုရားကြီးသည် စာပေကျမ်းဂန် ပို့ချတော်မူရာ၌ အထူးအားဖြင့် နိဿရည်း ကောင်းမွန်ကျနသဖြင့် ကျော်စောထင်ရှားတော်မူသည့်အတိုင်း ထင်ရှားစွာ ဖြစ်ထွန်းပေါ်ပေါက်ကြီးပွားသော ရာဇဂုရုတံဆိပ်တော်ရ တပည့်တော်ကြီးများမှာ–

၁။ တိုက်တော်ဆရာတော် အရှင်လက္ခဏ,

၂။ မကုဋာရာမတိုက်ဆရာတော် အရှင်ခေမိန္ဒ,

၃။ ၆ွှေရေးဆောင်တိုက် မိုင်းခိုင်းဆရာတော် အရှင်ပဏ္ဍိတ,

၄။ တောင်ခွင်မဟာသံဃာရာဇာဆရာတော် အရှင်ဝိသုဒ္ဓ,

## ဥဒေါင်း ဦးစွန်းကဲ့သို့

စံကျောင်းဆရာတော်ဘုရားကြီး၏ ထူးခြားဆန်း ကြယ်သော အရာမှာ ဦးခေါင်းတော်ထိပ်လယ် တည့်တည့်တွင် ဆံပင်ခြောက်ပင်ခန့် ဥဒေါင်းဦးစွန်းကဲ့သို့ ထောင်လျက် ရှိနေလေသည်။

## စံကျောင်းတိုက်သို့ ရောက်တော်မူခြင်း

အရှင် "ဉာဏဓဇ" ရဟန်းတော်သည် စံကျောင်းတိုက်သို့ ရောက်တော်မူလျှင် ၎င်းတိုက်၏ ထုံးစံအတိုင်း ဒွေမာတိကာကို ကျောင်းဦးပြာသာဒ်တော်တွင် ပြန်ဆိုတော်မူရလေသည်။

[ဒွေမာတိကာမရလျှင် ၎င်းတိုက်၌ နေထိုင်ခွင့်မရဟု ပညတ်ချက်ရှိ၏။]

စံကျောင်းတိုက်တွင် ညဦးအခါ ဘုရားဝတ်တက်သောအခါ ဒွေမာတိကာကို သုံးပိုင်း ပိုင်း၍ ရွတ်ဆိုမြဲ ထုံးစံရှိ၏။ အရှင်ဉာဏဓဇ ရဟန်းတော်သည် ရဟန်းငယ်ဖြစ်၍ နောက်ပိုင်းက နေရ၏။ ထိုအခါ အကြံတစ်ခု ဖြစ်ပေါ်သည်မှာ– ပါတိမောက်အတိုင်သမားဖြစ်အောင် အသံကျယ်ကျယ်နှင့် ရွတ်ဆိုရသော် အထူးမပြန်မဆိုရဘဲ ကျေပွန်စွာ ရပေလိမ့်မည်ဟု အကြံဖြစ်သည့်အတိုင်း ညစဉ် ဘုရားဝတ်တက်သောအခါ နောက်ပိုင်းမှနေ၍ အသံကျယ်ကျယ် ရွတ်ဆိုသဖြင့် ကြံစည်သောအတိုင်း ပါတိမောက်အတိုင်သမား ဖြစ်တော်မူ၏။

mgyoe.com

mgyoe.com


**ပဥ္စမသင်္ဂါယနာတင်ပွဲတွင် ကထာဝတ္ထုကို ပြန်ဆိုတော်မူခြင်း**

ရတနာပုဥ္ဇ– မန္တလေးရွှေမြို့တော် နန်းတော်အတွင်း၌ မင်္ဂလာမဏ္ဍပ် တန်ဆောင်း ဆောက်လုပ်စေတော်မူပြီးလျှင်–

၁။ တိပိဋကဆေက သီလဝိသုဒ္ဓိ ဒက္ခိဏာယျနွယ်စဉ် ဓမ္မဥ္စရ ဓမ္မရစိ ရွှန်းရွှန်းညိတော်မူကြကုန်သော တောင်နန်းဆောင်တော် မိဖုရား၏ ဆရာ "ဇာဂရာဘိဝံသတိပိဋကဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဒက္ခိဏာရာမဘုရားကြီး ဆရာတော်,

၂။ မြဲတောင်မြို့စား သေနတ်ဝန်ကြီး၏ဆရာ "နရိန္ဒာဘိသီရိသဒ္ဓမ္မဇောတိပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဆီးဘန်နီ ဆရာတော်,

၃။ "သုမင်္ဂလသာမိ သီရိပဝရမဏိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" မြင်းဝန်ဆရာတော်,

ဤသုံ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသုံးပါးကို လွှဲအပ်တော်မူ၍ ပုဒ်, ပါဠ် အက္ခရာ ကျောက်စာအရေးအသား တိမ်းပါးချွတ်ယွင်း မရှိစေရအောင် သန့်ရှင်းသုတ်သင် ပြင်ဆင်ပြီးပြေရှိသည်ကို ပိဋကတ်အရာ လိမ္မာပြွမ်းတီး ပညာရှိကြီး နှင်နှင်ဖြစ်ကုန်သော–

၁။ အတွင်းဝန်ခန်းပတ် မြို့စားမင်းကြီး သီရိမဟာဉဇနာ,

၂။ ယောမြို့စားမင်းကြီး မင်းလှမဟာစည်သူ,

၃။ ခင်မမင်းဝန် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျာသူ,

၄။ သံတော်ဆင့် နေမျိုးရာဇစည်သူ,

၅။ အမိန့်တော်ရေး မင်းတင်ဇေယျာသူ,

၆။ အသုံးစာရေး နေမျိုးသီရိကျော်သူတို့ကို ကြီးမှူးကြပ်မတ်စေပြီးလျှင် သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် စတင်၍ ကျောက်ဆစ်သမားတို့ ထုလုပ်ရာ ၁၂၃၀ ပြည့်နှစ်၊ ကဆုန် လဆန်း ၁၄ ရက်နေ့တွင် အလုံးစုံ ပြည့်စုံပြီးစီးသော–

၁။ ဝိနည်းငါးကျမ်း ပါဠိတော်
ကျောက်ချပ်ရေ..... ၁၁၁။

mgyoe.com

mgyoe.com


၂။ အဘိဓမ္မာ ခုနစ်ကျမ်းပါဠိတော်
ကျောက်ချပ်ရေ..... ၂၀၈။
၃။ နိကာယ်ငါးကျမ်း သုတ္တန်ပါဠိတော်
ကျောက်ချပ်ရေ..... ၄၁၀။
ပေါင်းပိဋကတ်ပါဠိတော်
ကျောက်ချပ်ရေ..... ၇၂၉။
၎င်းသင်္ဂါယနာတင် ပွဲကြီးတွင်–
၁။ သစ်ဆိမ့်တိုက်က ဝိနည်း,
၂။ စလင်းတိုက်က သုတ္တံ,
၃။ စံကျောင်းတိုက်က အဘိဓမ္မာ ပိဋကတ်တော်များကို ပြန်ဆိုတော်မူကြရ၏။ ရွှေနန်းတော်တွင် ဖြဲတိုက်ရာဇပလ္လင်၌နေ၍ တစ်လှည့်စီ ပြန်ဆိုတော်မူကြရ၏။

ထိုအခါ အရှင် "ဉာဏဓဇ" ရဟန်းတော်သည် ကထာဝတ္ထုပါဠိတော်ကို အရကျက်၍ ပြန်ဆိုတော်မူရလေ၏။ တစ်ပါးစီ ရွတ်ဆိုတော်မူ၍ ကြေလည်ချော မောသောအခါ သံဃာတော် ၆၂၀ ကျော်တို့သည် မြေနန်းတော်တွင် "ဂဏသဇ္ဈာယ– အပေါင်းသရဇ္ဈာယ်ခြင်း" ဖြင့် ရွတ်ဆိုသရဇ္ဈာယ်တော်မူကြလျက် ပဉ္စမ သင်္ဂါယနာတင်ပွဲကြီးကို ဝှဲချီးပြုလုပ်တော်မူကြသည်။ ဖြဲတိုက်တော်တွင် တစ်ပါးတည်း ကထာဝတ္ထုပါဠိတော်ကို ပြန်ဆိုတော်မူသောအခါ ရဟန်း ပရိသတ်, ရှင်ပရိသတ်, လူပရိသတ်, မင်းပရိသတ်တို့က ရဲစွမ်းသတ္တိ ရှိလှပါ ပေသည်ဟု အံ့သြချီးမွမ်းကြသောဟူ၏။

## ပါဠိ၊ အဋ္ဌကထာ သင်ယူခြင်း

စံကျောင်းဆရာတော်ဘုရားကြီး အထံတော်တွင် ဝိနည်းပါဠိတော်နှင့် ၎င်းအဋ္ဌကထာကြီးများ, အဘိဓမ္မာ အဋ္ဌကထာကြီး သုံးကျမ်းတို့ကို လိုက်ဝါ နှင့် သင်ယူတော်မူသည်။ ၎င်းနောက် မကုဋာရာမ ဆရာတော်ထံတော်တွင် ဝိနည်းပါဠိတော်နှင့် ၎င်းအဋ္ဌကထာကြီးများ, အဘိဓမ္မာ အဋ္ဌကထာကြီး

mgyoe.com

mgyoe.com


သုံးကျမ်းတို့ကို တစ်ပြန်သင်ယူတော်မူသည်။ စလင်းဆရာတော် ဦးပဏ္ဍိစ္စ ထံတော်တွင် ပါစိတျာဒိအဋ္ဌကထာ, သမ္မောအဋ္ဌကထာ, ပဋ္ဌမကြိမ် အဋ္ဌကထာ တို့ကို ဆိုဝါ, တက်ဝါနှင့် သင်ယူတော်မူသည်။

## ပထမစာချ ဖြစ်တော်မူခြင်း

ရဟန်း ၈– ဝါမြောက်တွင် ပထမစာချဘွဲ့ထူးနှင့် ကျောင်းတစ်ကျောင်းကို စံကျောင်းဆရာတော်ဘုရားကြီးက ချီးမြှောက်တော်မူသည်။ စာချအဓိပ္ပာယ်ပြော ညက်ညော၍ စာလိုက်ပုဂ္ဂိုလ် များသောကြောင့် ဆန်တစ်တင်းနှင့် ငါးပိ, ဆီ, ဆား, ငရုတ်, ကြက်သွန်အစုံ အထောက်အပံ့ရပြန်သည်။

## ပထမစာချနှင့် တင်းမတိမ်ခြင်း

ပထမစာချအဖြစ်နှင့် စာချနေစဉ်အခါမှာလည်း ဆိုခဲ့ပြီးသော ဆရာတော်ဘုရားကြီး သုံးပါး၏ နိဿယနှင့် ကျေနပ်တင်းတိမ်ခြင်း မရှိသေးဘဲ အခြားကျမ်းတတ် ဂန်တတ် ဆရာတော်ဘုရားကြီးတို့၏ နည်းနာနိဿယတို့ကို လည်း တစ်ဆယ့်ငါးဝါ, တစ်ဆယ့်ခြောက်ဝါရသည့်တိုင်အောင် စာပလွေမချဘဲ နည်းခံယူတော်မူသည်။

## ရှေးက စာသင်သားနှင့် ယခု စာသင်သား

ရှေးက စာသင်သားနှင့် ယခုကာလ စာသင်သား ခြားနားချက်ကို တပည့် ဦးဝဏ္ဏိတအား ဆရာတော် ဘုရားကြီး မိန့်ကြားသည်မှာ– စိုင်ပြင်ရွာမှ မန္တလေး ရွှေမြို့တော်သို့ စာသင်ရန် သွားသောအခါ မင်းတို့ ယခုကာလလို မီးသဘော်၊ မီးရထား မရှိသေးဘူးကွဲ့။ လှည်းကြုံ လှေကြုံ လူကြုံများနှင့် အဆင်သင့်သလို သွားရတယ်ကွဲ့။ ငါ့မှာတော့ သင်္ကန်းသုံးထည်ကို လက်စွပ်အိတ်တွင် ထည့်လွယ် ပြီး စာပလွေထမ်း၍ ခရီးပြင်း တစ်လကိုးသီတင်း လာရတယ်ကွဲ့။ ရွှေမြို့တော် စံကျောင်းတိုက်သို့ ရောက်ပြန်ပါတော့လည်း ဒွေမာတိကာကို ကျေပွန်စွာ ရဦးမှကွဲ့၊ ဒွေမာတိကာရ၍ နေခွင့်သာသော်လည်း နေရာထိုင်ခင်းအတွက်

mgyoe.com

အခက် ကြုံရသေးတယ်ကွဲ့။ ငါ့မှာ နေရာမရှိ၍ သံဃာတော်များ၏ ခြေရင်း သောက်ရေအိုးအနီး တစ်နေရာစာ အိပ်လောက်ရုံမျှသာ ရတယ်ကွဲ့။

အခင်းကတော့ ရွာကပါလာတဲ့ သားရေနွယ်ကလေးတစ်ချပ် ခင်း၍ ခေါင်းအုံးကတော့ ဝါးပိုးခြမ်းကြီး တစ်ခုကို အုံးရတယ်ကွဲ့၊ သားရေနွယ်ကလေးကလည်း မလုံမလောက် တစ်ပိုင်းတစ်ပြတ်ဖြစ်နေလို့ ခဝဲမင်းဖျာကြမ်းတစ်ပိုင်းပြတ်တစ်ခုကို ရ၍ ဆက်ခင်းပြီး အိပ်ရတယ်ကွဲ့၊ အဲဒီနေရာကလည်း နေ့ကို နေလို့မရဘူး။ ညအိပ်ရုံသာ ရတယ်။ တစ်ခါတစ်ရံ သံဃာတော်များက ရေသောက်ပြီး ရေကျန်ကို တခြား လွှတ်ရာမသွန်ဘဲ ငါ အိပ်မည့်နေရာမှာ သွန်ထားခဲ့ကြလို့ တစ်ခါတစ်ရံ ရေစိုထဲမှာ အိပ်ရတယ်ကွဲ့။

ယခု မင်းတို့ကာလ စာသင်သားများမှာတော့ ရှေးဘုန်း၊ ရှေးကံကြီးကြပါပေရဲ့၊ သဘော်ခရီး၊ မီးရထားခရီးတွေဖြစ်နေလို့ အသွားအလာ လွယ်ကူကြပါပေတယ်။ အသုံးအဆောင်များကလည်း ခေါင်းအုံး၊ အိပ်ရာခင်း၊ ခြုံစောင်၊ သင်ဖြူး၊ ကော်ဇော၊ အိပ်ရာလိပ်၊ ခုံးသေတ္တာ၊ သံသေတ္တာ၊ ယူနီဖောင်း၊ လက်ဆွဲ ချိုင့်၊ ဓာတ်ရေဘူး၊ လက်နှိပ်ဓာတ်မီး၊ ဆန်အိတ်၊ ငါးပိ၊ ငါးခြောက်၊ ငါးခြမ်း လိုလေသေးမရှိ ပြည့်စုံကြပါပေရဲ့၊ ကြီးကျယ်ကြပါပေရဲ့၊ ခမ်းနားကြပါပေရဲ့ကွဲ့ဟု မိန့်တော်မူပါသည်။

## သဒ္ဒပါရဂူ ဖြစ်တော်မူခြင်း

ပထမစာချအဖြစ်နှင့် နေတော်မူစဉ် တစ်နေ့သ၌ သီတင်းနေ့တွင် သမဂ္ဂဖြစ်သော သစ်ဆိမ့်ကျောင်းတိုက် မြင်းခြံမြို့သား ဘုန်းကြီး ဦးရွှေဝထံသို့ အလည်အပတ်သွားရာ စာကြည့်ဝါသနာပါသည့်အတွက် ဘုန်းကြီးဦးရွှေဝနှင့် စကားပြောရင်း အနီးအနားရှိ စာတို၊ စာအိုစာမင်း သောင်းပြောင်းထွေလာတွေကို လှန်လှောကြည့်ရှုရာ **ရူပသိဒ္ဓိ** ကျမ်းစာကို တွေ့ရှိလေ၏။ ၎င်းပေစာကို ကြည့်ရှုရာ နာမ်၊ အာချာတ်၊ ကိတ်တို့၏ လိင်စဉ်၊ ဝုစ်စဉ်နှင့်တကွ ဂိုဏ်းစဉ်၊ ဓာတ်ပစ္စည်းစီစဉ်ပုံများကို တွေ့ရှိရသောအခါ ဤသို့ အကြံတော်ဖြစ်၏။ ဤ **ရူပသိဒ္ဓိ** ကျမ်းစာကို ဒုက္ခစိုက်၍ နိုင်နိုင်နင်းနင်း ပို့ချပေးရလျှင် သဒ္ဒါဘက်က

mgyoe.com

mgyoe.com


ကောင်းကောင်းကြီး လုံလောက်စွာ တစ်ဖက်ကမ်းခတ်အောင် တတ်ဖို့ရန် အကြောင်းရှိ၏။ ဤရူပသိဒ္ဓိကျမ်းစာဖြင့် တစ်ဖက်ကမ်းခတ်အောင် သင်ယူပြီးလျှင် စာသင်သား ပရိသတ်အပေါင်းတို့အား ချမ်းချမ်းသာသာနှင့် သဒ္ဒါကို တတ်မြောက်စေအံ့ဟု အကြံတော်ဖြစ်၏။ ၎င်းရူပသိဒ္ဓိ ပေစာကို ထုတ်ယူခဲ့၍ ဦးပဥ္စင်းများအား ချပို့ပေးသောအခါမှ သဒ္ဒါကို တစ်ဖက်ကမ်းခတ် တတ်မြောက်တော်မူ၏။

မှတ်ချက်။ ။ [ရူပသိဒ္ဓိစာကို ထုတ်ယူခဲ့သော်လည်း ရတ်တရက် သင်ယူမည့်သူမရှိ၊ ကစ္စည်းသဒ္ဒါကိုသာလျှင် သင်ယူပို့ချရိုး အစဉ်ရှိနေသဖြင့် အခက်အခဲနှင့် တွေ့ကြုံရပြန်၏။ ထိုအခါ သာမဏေကြီး မောင်ရှင်တေဇအား သင်္ကန်း၊ ထီး၊ ဖိနပ်ပေးပြီး ချော့မော့၍ ဤရူပသိဒ္ဓိကျမ်းစာကို ချပို့ပေးရသည်ဟု ဆရာတော်ဘုရားကြီး အမိန့်ရှိဖူး၏။]

## ပါရမီ ဒီပနီကျမ်း

စံကျောင်းဆရာတော်ဘုရားကြီးသည် များစွာသော သူတို့၏စိတ်သန္တာန်၌ အမှန်မုချ တတ်ရာကျ ဆုံးဖြတ်ချက်ချနိုင်ရန် ခဲယဉ်းလှသော ဘုရား၊ ပစ္စေကဗုဒ္ဓါသာဝကတို့၏ ပါရမီနှင့် စပ်ဆိုင်သော အချက်ပေါင်း အမေးပုစ္ဆာ ၂၀ ကို မာဂဓဘာသာဖြင့် စီရင်တော်မူ၍ ပညာထက်မြက် နဲနက်သောဉာဏ်သုံးတန် ပိဋကတ်တည်း ဟူသော တောတောင်အတွင်းဝယ် ရဲတင်းသော ခြသေ့ံပမာရှိကုန်သော ပုဂ္ဂိုလ်သူမြတ်အပေါင်းတို့သာ ဖြေဆိုကြရန် ထုတ်ဖော်ရေးသားတော်မူ၏။ အရှင်ဉာဏဓဇမထေရ်မြတ်သည် ၁၄–ဝါရ ပထမစာချအဖြစ်နှင့် စံကျောင်းဆရာတော်ဘုရား၏တိုက်တွင် သုံးဖြာသော ပိဋကတ်ကို သင်မှတ်ချ ပို့တော်မူဆဲဖြစ်ရကား ဆိုခဲ့ပြီးသော အမေးပုစ္ဆာ ၂၀– သည် ငါ့ကို စွဲ၍ဖြစ်ပေါ်လာပြီတကားဟု များစွာ အားတက်ပြီးကာ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော်ကို ပူဇော်ရန်အမှတ်ကို ရှေ့ထား၍ အရပ်ရပ်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ

mgyoe.com

mgyoe.com


ဂန္ထန္တရတို့၌လာသော အထောက်အထား အားကိုးယုတ္တိတို့ဖြင့် အဖြေရေးသား စီရင်တော်မူသည်။

ဤပုစ္ဆာအဖြေကျမ်းသည် ပါရမီနှင့်စပ်သော အချက်စုကို ထင်လင်း သေချာစွာ ပြရာဖြစ်သောကြောင့် **ပါရမီဒီပနီ** မည်၏။ ဤပါရမီ ဒီပနီကျမ်းသည် အလွန်နက်နဲထက်မြက်သော ပုဂ္ဂိုလ်မြတ်တို့ကို စွဲ၍ ဖြစ်ပေါ်လာရကား နက်နဲ ထူးမြတ်သော အနက်အဓိပ္ပာယ်တို့ကို ဆန်းကြယ်စွာ ဖော်ပြထားပါသည်။ ယခုအခါ စာအုပ်သီးခြား ထွက်ပေါ်လျက်ရှိလေပြီ။

## စံကျောင်းဆရာတော်ကြီးက စာအုပ်များ ထုတ်ပေးခြင်း

စံကျောင်းတိုက်၌ နေစဉ် စာကြည့်တတ်သောအခါ မန္တလေးမြို့ တောင်ပြင် ပိဋကတ်တိုက်အုပ်ကို အလိုက်သင့်ပေါင်း၍ ပိဋကတ်တိုက်ရှိ သင်ရိုးမှ အလွတ်ဖြစ်သော ကျမ်း အိပ်, ပါဠိတော် အဋ္ဌကထာများကို အကုန်အစင် တစ်ခုမျှ မကျန်ရအောင် ကြည့်ရှုတော်မူသည်။ ဂန္ထန္တရအမျိုးမျိုး, လောကီဆေးကျမ်း, ဗေဒင်ကျမ်း အမျိုးမျိုးတို့ကိုလည်း တစ်တိုတစ်စ မကျန်ရအောင် အကုန် နှံ့အောင် ကြည့်ရှုတော်မူသည်။ ဤကဲ့သို့ စာကြည့်ဝါသနာ အလွန်အား ကြီးသည့်အတွက် စံကျောင်းဆရာတော်ဘုရားကြီးက မည်သည့်စာမဆို မင်း ကြည့်ရှုလိုသောစာကို ငါရအောင် ထုတ်ပေးမည်၊ အလိုရှိသလို ကြည့်ပါဟု အမိန့်တော်ရှိသတတ်။

## စာပေဆွေးနွေးခြင်း

မြန်မာလူမျိုးများသည် မြန်မာလိုနားလည်အောင်, နားရှင်းအောင်, မြန်မာစကားပြောတတ်ဖို့, မြန်မာစာ ရေးတတ်ဖို့ လိုသေးသည်ဟု ထင်မြင် သဘော ရရှိတော်မူသဖြင့် မြန်မာစကား အကွက်ကျအောင်, ပဋိပတ်စဉ်ညီ အောင်, အစ–အလယ်–အဆုံး သုံးပါးလုံး ညီအောင်, ပြည့်စုံအောင် အပြော, အဟောကောင်းလှသည်။ မြန်မာလူမျိုးများ နားလည်အောင်, နားရှင်းအောင်, စကားလုံးပြောင်အောင်, စကားလုံးထွားအောင်, စကားလုံးကြီးအောင်

mgyoe.com

mgyoe.com


ပြောတတ်သည်။ သူတစ်ပါးတို့စိတ်ကို ရွှင်အောင်, ရွှန်းအောင်, စိုအောင်, ငြိအောင်, ထိအောင် စကားယူ စကားသိမ်း ပြောကိန်း ကောင်းလှသည်ဟု ကျော်စောသောကြောင့် သီတင်းနေ့တိုင်း ဝတ်ထား၍ ရွှေပြည်ဝန် ယော မင်းကြီး ဦးဘိုးလှိုင်ထံသို့ သွားပြီး မြန်မာစကား, စာစကား ပြောဟောနှီးနှော တော်မူ၏။

(ကျမ်းတတ်၊ ဂန်တတ်၊ စာတတ်ကြီး လူဥပါသကာကြီး ဦးဖား အိမ်သို့လည်း ရံဖန်ရံခါ သီတင်းနေ့အခါ မေးမြန်းစုံစမ်းလျက် လောက ဓမ္မ နှစ်ဌာန ပညာရေးတို့ကို ဆွေးနွေးမေးမြန်းတိုင်ပင်တော်မူ၏။ သည်မှ တစ်ပါး လူ စာတတ်၊ ဗေဒင်တတ်၊ ဆေးပညာတတ် စသော ပညာတတ် ပုဂ္ဂိုလ်ကြီးတို့ထံသို့လည်း ရောက်အောင်သွား၍ ပညာဆွေးနွေးမေးမြန်းခြင်း ပြုလုပ်တော်မူ၏။)

## မဏိသာရမဥ္ဇူသာ နိဂုံးနိဿယ

မဏိသာရမဥ္ဇူသာ နိဂုံးနိဿယရေးခြင်းအကြောင်းကား– တစ်နေ့သ၌ မန္တလေးမြို့အရှေ့ပြင် မာရ်အောင် ဆရာတော်ဘုရားကြီးအား ရွှေရေးဆောင် ဆရာတော်ဘုရားကြီးက တိုက်တွန်းသည်မှာ မဏိသာရမဥ္ဇူသာ နိဂုံး ဂါထာ အနက်, အဓိပ္ပာယ် ခဲခက်သည့်အတွက် အနက်, အဓိပ္ပာယ် ကြံကြ စမ်းပါဟု မိန့်တော်မူ၏။ တစ်ရံရောအခါ စံကျောင်းဆရာတော်နှင့် မာရ် အောင် ဆရာတော်, ဦးဉာဏဓဇ သုံးပါးအတူ ဆွမ်းစားသွားကြရာ လမ်းခရီး တွင် မာရ်အောင်ဆရာတော်က တိုက်တွန်းသည်မှာ ဦးဉာဏဓဇ...... ရွှေရေး ဆောင် ဆရာတော်ဘုရားက တပည့်တော်အား တိုက်တွန်းနေသည်မှာ– မဏိသာရ မဥ္ဇူသာ နိဂုံးနိဿယ ခဲခက်သည့်အတွက် နိဂုံးနိဿယရေးရန် တိုက်တွန်းနေပါသည်။ ကိုယ်တော်ကြံစမ်းပါဟု ခိုင်းသောကြောင့် နိဂုံး နိဿယကို ရေး၍ မာရ်အောင်ဆရာတော်အား ပြရာ "ကောင်းပါပေသဗျာ" ဟု လွန်စွာ ချီးမွမ်းတော်မူသော ဟူ၏။

ရဟန်းဘဝနှင့် ပညာဆည်းပူးခန်းပြီး၏။

❒

mgyoe.com

mgyoe.com

## ၄ - မုံရွာမြို့သို့ ပြန်ရောက်ခန်း

### မုံရွာမြို့ ရွှေစည်းခုံတိုက်

မုံရွာမြို့ ရွှေစည်းခုံကျောင်းတိုက် ဆရာတော် ပင့်လျှောက်ချက်အရ သက္ကရာဇ် ၁၂၄၄ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် မန္တလေးမြို့ စံကျောင်းတိုက်မှ နောက်ပါတပည့်ကြီး တစ်ကျိပ်ကျော်နှင့် ရွှေစည်းခုံကျောင်းတိုက်သို့ ကြွလာတော်မူ၏။ ကျောင်းတိုက် မူလရှိရင်းသံဃာတော် ၂– ကျိပ်ကျော်နှင့် ပေါင်းသော် သံဃာတော်ပေါင်း ၃– ကျိပ်ကျော်ရှိ၏။ ၎င်းကျောင်းတော်ကြီးသို့ ရောက်သောအခါ ရှေးဦးစွာ ရွှေစည်းခုံဘုရားကြီးကို ဖူးမြော်တော်မူ၏။ ထိုအခါ မဟာထေရ်မြတ်ကြီးသည် ရှေးက ဖြစ်ခဲ့ဖူးသော အကြံအစည်များသည် ယခုအခါ ပြည့်စုံကျေလည်ချောမောစွာ ရွက်ဆောင်ပြုလုပ်ရပေတော့မည်ဟု ဝမ်းမြောက်တော်မူ၏။

### ရှေးက အကြံအစည်

မန္တလေးမြို့တွင် စာသင်နေဆဲအခါ အကြံဖြစ်ပေါ်သည်မှာ မြတ်စွာဘုရားအား မြဲစွဲသော ဝတ်နိဗဒ်များကို မည်သည့်အခါ အင်တိုက်အားတိုက် ပြုလုပ်ရပါအံ့နည်းဟု ဖြစ်ပေါ်သည်တစ်ချက်၊ သံဃာတော်များ၌ ဆောင်ရွက်သင့်

mgyoe.com

mgyoe.com


ဆောင်ရွက်ထိုက်၊ ပြုလုပ်သင့်ပြုလုပ်ထိုက်သော သံဃာ့တာဝန်ကြီးများကို မည်သည့်အခါ ထမ်းဆောင်ရပါအံ့နည်းဟု ဖြစ်ပေါ်သည်တစ်ချက်၊ ဤအကြံအစည် အချက်ကြီးတို့ကို အဓိကထား၍–

၁။ ရွှေစည်းခုံဘုရားကြီး ပတ်ဝန်းကျင်ပရဝုဏ်အတွင်းရှိ မြင့်မောက်သော နေရာမှ မြေကိုယူ၍ နိမ့်ရှိုင်းသောနေရာ၌ ဖို့ခြင်း၊ လောင်းခြင်း၊ ညီအောင်ညှိခြင်း၊ ယိုယွင်းပျက်စီးရာဌာနများကိုလည်း အသစ်မွမ်းမံ ခြယ်လှယ်ခြင်း၊ အုတ်အာရုံခံ တည်ထောင်ခြင်း စသည်ဖြင့် တင့်တယ်သပ္ပာယ် ပြေပြစ်ချောမောအောင် ပြုလုပ်ခြင်း၊

၂။ တံမြက်ဝတ်နှင့် ရေဝတ်ကြီးများ အမြဲပြုလုပ်ခြင်း၊

၃။ စာသင်သား သံဃာတော်များအား ဆွမ်းကိစ္စ ပင်ပန်းရှုန်းမိခြင်း မရှိစေရ၊ သက်သာချောင်လည်စေခြင်းငှာ ကိုယ်တော်တိုင် ဆွမ်းခံဝတ်ကြီးကို အမြဲထူထောင်တော်မူခြင်း၊

၄။ စာသင်သား သံဃာတော်များအား သောက်ရေ၊ သုံးရေ၊ ချိုးရေတို့ကို ကိုယ်တိုင်ခပ်၍ လုံလောက်စွာထားခြင်း၊

ဤဝတ်နိဗဒ်လုပ်ငန်းကြီးတို့ကို ရွှေစည်းခုံကျောင်းတိုက်သို့ ရောက်သောနေ့မှစ၍ တည်ထောင်တော်မူ၏။

မှတ်ချက်။ ။ [ ရွှေစည်းခုံဘုရား၏ ပတ်ဝန်းကျင်ရှိ အချို့ နိမ့်ရှိုင်းသော နေရာများမှာ လူတစ်ရပ် လက်ခုပ်တစ်ဖောင်မကဟု အမိန့်တော် ရှိသည်။ ဤနေရာများကို နေ့ရှည်ရက်များ ညီအောင်ဖို့ရသည်၊ အချို့သံဃာတော်များက ဆရာတော်ဘုရား ခပ်ထားသော ရေများကို မချိုးမသုံးဝံ့မည်စိုး၍ ၃ နာရီ ၄ နာရီ သံဃာတော်များမထမီ မသိရအောင် စောစောထ၍ ကျောက်ခွက်ကြီးတွေ အပြည့်ခပ်ထားတော်မူသည်ဟု အမိန့်ရှိဖူးသည်။]

mgyoe.com

mgyoe.com


## နွားသားကို စ၍ အလှူခံခြင်း

သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် သီပေါမင်းကို ကုလားဖမ်းယူ၍ သွားပြီ၊ မြန်မာနိုင်ငံကို ကုလားအုပ်ချုပ် လိမ့်မည်ဟု ကြားသောအခါ မဟာထေရ်မြတ်ကြီးမှာ ဤသို့ ကြံစည်အောင်မေ့တော်မူ၏။ မြန်မာနိုင်ငံကို ကုလားအုပ်ချုပ်လျှင် ကုန်းသတ္တဝါတွေ များစွာ သေကြေပျက်စီးဖို့ရန် အကြောင်းရှိ၏။ အကြောင်းကိုဆိုသော် ဤအနောက်နိုင်ငံသား ကုလားလူမျိုးတို့သည် အသားစားမှု အားကြီးသော လူမျိုးများ ဖြစ်သည်။ သူတို့ မြန်မာနိုင်ငံသို့ ရောက်လာကြလျှင် နွားသတ်ရုံ, ဝက်သတ်ရုံ, ဆိတ်သတ်ရုံတွေ အကြီးအကျယ်ဖြစ်ပြီး နွား, ဝက်, ကြက်, ငှက်, ဘဲ, ဆိတ်– စသော ကုန်းသတ္တဝါတွေ သေကိန်းကြီးဆိုက်တော့မှာပဲဟု ကြံစည်အောက်မေ့တော်မူမိ၏။ ပြီးနောက် ဦးပဥ္စင်းများအား ဤသို့ မိန့်တော်မူ၏။

> "ဦးပဥ္စင်းတို့ ယခု မြန်မာနိုင်ငံကို ကုလားများ အုပ်ချုပ်တော့မည်။ သူတို့အုပ်ချုပ်လျှင် ကုန်းသတ္တဝါတွေ များစွာ သေကြ, ပျက်စီးကြလိမ့်မည်။ ကုန်းသတ္တဝါတွေအနက် နွားသတ္တဝါများသည် လူတို့၏ အသက်သခင် ဖြစ်၏။ အမိသဖွယ်, အဖသဖွယ်လည်း ဖြစ်၏။ လူတို့အပေါ်မှာ အလွန်ကျေးဇူးများ၏။ သို့အတွက် သည်နေ့ကစပြီး နွားသားကို တပည့်တော်လည်း မစားဘူး၊ ကိုယ်တော်တို့လည်း မစားကြပါနှင့်" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူပြီးသောနေ့မှစ၍ နွားသားကိုမစားဘဲ ဖြတ်တော်မူ၏။ ဦးပဥ္စင်းများအားလည်း နွားသားကို အလှူခံတော်မူ၏။ နွားမေတ္တာစာကို ရေးတော်မူ၍ ထက်, အောက်နှစ်ဖြာ မြန်မာနိုင်ငံတော်၌ ရိုက်နှိပ်ဝေငှရာ အသိန်း အသောင်းမကသော လူ, ရှင်, ရဟန်းတို့ နွားသားများကို မစားဘဲ ရှောင်ကြဉ်ကြလေသည်။

## ကာလပျက်တွင် စာချမပျက်

ဤ ၁၂၄၇ ခုနှစ်၌ ကာလပျက်တုန်းအခါ ဖြစ်သော်လည်း အလွန်တည်ကြည်သော စိတ်နှလုံးတော်ရှိသည်ဖြစ်၍ လောကရေးရာ လောကမှုတို့ကို

mgyoe.com

mgyoe.com


ဘာတစ်ခုမျှ အမှုမစိုက်ဘဲ စာကိုသာ တွင်ကျယ်စွာ ပို့ချတော်မူ၏။ ဤကဲ့သို့ ပို့ချသည့်အတွက် စာသင်သား ဦးပဥ္စင်းများလည်း အခြား ဟိုဟိုသည်သည် မသွားနိုင်ကြဘဲ စာကိုသာ အားထုတ်ကြသောကြောင့် အခြားနှစ်များထက် စာချအလုပ်ကြီး အထူးတွင်ကျယ်တော်မူ၏။

## လယ်တီတိုက်ကြီးကို စတင်တည်ထောင်ခြင်း

သက္ကရာဇ် ၁၂၄၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့တွင် လယ်တီတောသည် အခြောက်အလှန့် အလွန်ထူသည်။ အစိမ်းသူရဲ တစ္ဆေတွေ အလွန်ပေါများသည်၊ အလွန်ကြမ်းတမ်းသည်၊ တောကြီးမျက်မည်း ထူထပ်လှသည်ဟု အများပြောကြ၏။ သည်ကနေ့ ဟုတ်မဟုတ် စမ်းကြည့်ရမှာပဲဟု စိတ်ကူးလျက် ဥပုသ်သည် သုံးလေးယောက်ကို အလည်အပတ်သွားရအောင် ဆိုပြီး ခေါ်သွား၍ ရောက်သောအခါ တောအနေအထိုင်ကို လည်၍ကြည့်ရှုရာ တဖောင်းပင်ကြီး တစ်ခုကို တွေ့မြင်ရလေ၏။ ၎င်းအပင်ကြီးသည် နေစရာအလွန်ကောင်းလှ၏။ ကမ္မဋ္ဌာန်းအား လျောက်ပတ်၏။ ၎င်းတဖောင်းပင်ကြီးအောက်၌ နားနေပြီးလျှင် ဥပုသ်သည်တို့အား ဤသို့မိန့်တော်မူ၏။

> "ယခု ငါလာခြင်းကား အလည်အပတ် လာလိုခြင်း မဟုတ်၊ တောထွက်မည့်အကြံနှင့် လာခဲ့သည်၊ မင်းတို့ ပြန်ကြပေတော့၊ ငါသည်တောမှာ နေရစ်တော့မည်၊ ဦးပဥ္စင်းများအား အကြောင်းကိုသာ ပြောကြားလိုက်ကြပေတော့"

ဟု မိန့်တော်မူ၍ လွှတ်လိုက်၏။ ဤနေ့ညဉ့် တဖောင်းပင်အောက်၌နေ၍ ညဉ့်နေဝင်ရီတရော နွားရိုင်းသွင်းချိန် ညီအစ်ကို မသိတသိ ၆ နာရီခွဲ ၇ နာရီအတွင်း အချိန်ကျသောအခါ တစ်ယောက်တည်း တောကြီးမျက်မည်း တောနက်ထဲမှာ နေရသည့်အတွက် ကြက်သီးမွေးညင်း ဖြန်းခနဲ ဖြန်းခနဲ ထ၏။ ပြင်းထန်သော လေများသည် တိုက်ခတ်လာ၏။

ထိုအခါ တောသူ, တောသား အမနုဿတို့ကို ဤသို့ မိတ်ဖွဲ့တော်မူ၏။

၁။ ရှေးဦးစွာ အရှေ့အရပ်ကို မျက်နှာမူလျက် "ဤတောအရှေ့အရပ်မျက်နှာရှိ အမနုဿဖြစ်သော ပေတ, ယက္ခအပေါင်းတို့..... ငါသည်

mgyoe.com

mgyoe.com


ဤတောခွဲ မြို့ရွာအကျိုး, သာသနာမြတ်၏ အကျိုးကို ဖြစ်ထွန်းကြီးပွားအောင် ဆောင်ရွက်ခြင်းငှာ သင်တို့၏ အမိအရာ, အဖအရာ၊ ဆွေအရာ, မျိုးအရာခွဲ တည်၍နေမည်။ သင်တို့ကလည်း ငါ့ကို အမိအရာ, အဖအရာ, ဆွေအရာ, မျိုးအရာခွဲ ထား၍ တစ်စုံတစ်ခု နှောင့်ယှက်ခြင်းကိုမပြုဘဲ ကောင်းမွန်ချမ်းသာစွာ နေထိုင်ကြရမည်" ဟု မိတ်ဖွဲ့တော်မူ၏။

၂။ တောင်အရပ်,

၃။ - အနောက်အရပ်,

၄။ မြောက်အရပ်,

ဤအရပ်လေးမျက်နှာရှိ ပေတ, ယက္ခ, အမနုဿဟူသမျှတို့ကိုလည်း ရှေးနည်းအတူ မိတ်ဖွဲ့တော်မူ၏။ ဤသို့ မိတ်ဖွဲ့ပြီးသောအခါ ကြက်သီးမွေးညင်း ထခြင်း၊ တုန်လှုပ်ခြင်း၊ ထိန်လန့်ခြင်းတို့သည် တစ်ခါတည်း ငြိမ်းစဲ၍သွား လေ၏။ ဤနေ့ညဥ့်မှစ၍ ရွာကျောင်းသို့ မပြန်ဘဲ လယ်တီတောခွဲသာ နေတော်မူ၏။ ရွာကျောင်းသို့ မပြန် လာကြောင်း သိသဖြင့် ဦးပဥ္စင်း လေးငါးပါး လာ၍နေကြ၏။ တစ်စ တစ်စ ၁၀ ပါး၊ ၁၅ ပါး စသည်ဖြင့် တိုးတက်ကြီးပွားကာ လယ်တီတိုက်ကြီး အဖြစ်သို့ ရောက်လာ၏။

[ ဤကား လယ်တီတိုက်ကြီးကို ရှေးဦးစွာ တည်ထောင်ပုံတည်း။]

## လယ်တီဟူသော အမည်ကိုရခြင်း

ဤသို့ လယ်တီတိုက်ကြီးကို တည်ထောင်သည်မှစ၍ "လယ်တီဘုန်းကြီး၊ လယ်တီဘုန်းကြီး" ဟူသော အမည်ဘွဲ့ရာထူးကို ရတော်မူ၏။ ကျောင်းတည်၊ တိုက်တည် ကိုယ်တော်အဖြစ်သို့ ရောက်တော်မူ၏။

[ ဤကား လယ်တီဟူသော အမည်ထူးကို ရပုံတည်း။]

mgyoe.com

mgyoe.com


## သိမ်သမုတ်တော်မူခြင်း

လယ်တီတိုက်ကြီးကို အာဒိကမ္မိကအစစ္စာ တည်ထောင် ဖန်ဆင်းတော်မူပြီး၍ သာသနာတော်တွင် အလွန်အရေးကြီးသော သာသနဝုမ္မိ၊ သာသနဝေပုလ္လ၊ သာသနသောဘိနီ ခဏ္ဍသိမ်တော်ကြီးကို သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် ဝိနည်းကံနှင့် လျော်ညီစွာ သိမ်သမုတ်တော်မူ၏။ တိုက်တည်၊ သိမ်တည် ဘုန်းကြီးအဖြစ်သို့ ရောက်ခြင်းသည် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ လက္ခဏာတည်း၊ သာမညပုဂ္ဂိုလ်တို့၏ အရာမဟုတ် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏အရာသာ ဖြစ်၏။

[ ဤကား သိမ်တည်ကိုယ်တော်အဖြစ်သို့ ရောက်တော်မူပုံတည်း။]

## ပြုမြဲဝတ်နိဗဒ်များကို ဆက်လက်ပြုတော်မူခြင်း

လယ်တီတိုက်သို့ ရောက်တော်မူသောအခါ နံနက်တိုင်း နံနက်တိုင်း ၄ နာရီအချိန်တွင် ထတော်မူ၍ တစ်တိုက်လုံး နှံ့အောင် တံမြက်လှည်းခြင်းဝတ်ကြီးကို ထူထောင်တော်မူ၏။

[ အနှစ် ၂၀ တိုင်အောင် စွဲမြဲတော်မူ၏။]

သံဃာတော်များ သုံးရန်, ချိုးရန်, ရေများခပ်ပြီးလျှင် လယ်တီရေတစ်အိုး ကျစီ မြို့တွင်းရှိ ထေရ်ကြီး၊ ဝါကြီး၊ သက်တော်ကြီးတို့အား ဆွမ်းခံဝင်တိုင်း ကိုယ်တော်တိုင်ထမ်း၍ လှူဒါန်းမြဲဝတ်ကို ဆက်လက်ဆောင်ရွက်တော်မူ၏။

[ ရေဝတ်ကြီး အနှစ် ၂၀ တိုင်အောင် စွဲမြဲတော်မူ၏။]

ရေလှူဒါန်းပြီးလျှင် တစ်မြို့လုံးနှံ့အောင် ဆွမ်းခံခြင်းဖြင့် ရှေးကရှိပြီး ဆွမ်းခံဝတ်ကြီးကို မပျက်မကွက် ဆက်လက်၍ စာသင်သံဃာခြောက်ဆယ်၊ ခုနစ်ဆယ်ကျော်တို့အား လုပ်ကျွေးပြုစုတော်မူ၏။

[ ဆွမ်းခံဝတ်ကြီး အနှစ် ၂၀ တိုင်အောင် စွဲမြဲတော်မူ၏။]

ရုံဖန်ရုံခါ ဆွမ်းစားကျောင်းသို့ တက်၍ သံဃာတော်များ ဆွမ်းကိစ္စပြီးသောအခါ ပန်းကန်ခွက်ယောက်တို့ကို ကိုယ်တော်တိုင် ဆေးကြောတော်မူ၏။ သံဃာ့ကိစ္စ၊ သံဃာ့အမှု၊ သံဃာ့ဝန်၊ သံဃာ့ကျွန်များ ကျေပွန်၍ ထမ်းဆောင်ရ

mgyoe.com

ခြင်းသည် လွန်စွာ မွန်မြတ်လှသော လုပ်ငန်းကြီးတစ်ခုဟု မကြာမကြာ မိန့်မြွက်တော်မူ၏။

## လယ်တီစာသင်နည်း

ခြောက်ဆယ်၊ ခုနစ်ဆယ်ကျော်မျှသော စာသင်ရဟန်း ပရိသတ်တို့အား ကျက်မှုဆောင်မှု မရှိဘဲနှင့် ချမ်းချမ်းသာသာ သဒ္ဒါကို ကောင်းကောင်း တတ်မြောက်အောင် ရူပသိဒ္ဓိ စာကို နေ့ညဥ့်မစဲ အားထုတ်ချပို့တော်မူ၏။ ဤကဲ့သို့ ကောင်းမွန်သော နည်းလမ်းဖြင့် ချပို့တော်မူခဲ့သဖြင့် ယခုနေ့တိုင်အောင် **လယ်တီသဒ္ဒါချနည်းသည် အစဉ်အဆက် ထွန်းကားလျက် ရှိ၏။**

[ ဤကား သဒ္ဒါသင်နည်း နိဿရည်းပေတည်း၊ လယ်တီစာသင်နည်း စာအုပ်ထွက်ပေါ်နေပြီးဖြစ်၍ စာသင်နည်း နိဿရည်းအကျယ် မရေးတော့ပြီ။]

## ပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာ ဋီကာသစ်ကျမ်း

အဆိုပါ ဋီကာသစ်ကျမ်းကို ရေးသားရခြင်း အကြောင်းကား သီဟိုဠ်ကျွန်းသား ရဟန်းတော်များက မြန်မာပြည်၌ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြသော အချက်ကြီး နှစ်ခုကို ငယ်ရွယ်စဉ်က ကြားရဖူးသတတ်။

၁။ အချက်မှာ မြန်မာပြည်၌ သဒ္ဒါတတ် မရှိခြင်း၊

၂။ အချက်မှာ မြန်မာပြည်၌ အဘိဓမ္မာတတ် မရှိခြင်း၊

(၁ အချက်) မြန်မာပြည်၌ သဒ္ဒါတတ်မရှိခြင်း– သဒ္ဒါနှင့်ဆိုင်ရာ ကျမ်းစာ တစ်စောင် တစ်ဖွဲ့ ရေးသားခြင်းမရှိသည့်ပြင် သီဟိုဠ်ကျွန်းသားများ အလေးအမြတ်မပြုသော ကစ္စည်းသဒ္ဒါကိုပင် အလေးအမြတ်ပြုကာ ပို့ချသင်ကြားလျက်သာ နေကြ၏။

(၂ အချက်) မြန်မာပြည်၌ အဘိဓမ္မာတတ် မရှိခြင်း– အဘိဓမ္မာနှင့် ဆိုင်ရာ ကျမ်းစာတစ်စောင် တစ်ဖွဲ့ ရေးသားခြင်းလည်း မရှိသည့်ပြင် ချော်ချွတ် များယွင်းသော အချက်များစွာရှိသော အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျမ်းကိုပင်

mgyoe.com

mgyoe.com


မလှုပ်ချောက်ချားနိုင်ကြ။ အလေးအမြတ်ပြုကာ ချပို့သင်ကြားလျက်သာ နေကြ၏။

သီဟိုဠ်ကျွန်းသားများ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြသော အချက်ကြီး နှစ်ခုတွင် မြန်မာပြည်၌ သဒ္ဒါတတ်မရှိဟူသော ပထမအချက်ကို သဒ္ဒနီတိကျမ်းက တွန်းလှန်ချေမှုန်းလိုက်သော ဟူ၏။ အကြောင်းကား– သီဟိုဠ်ကျွန်းသား ရဟန်းတော်များသည် မြန်မာပြည်၌ သဒ္ဒါတတ်မရှိကြ၍ သဒ္ဒါသာသနာပြုကြရန် မြန်မာပြည်သို့ ကူးလာကြကုန်သတတ်။

## သဒ္ဒနီတိ

ထိုအခါ ပုဂံပြည်၌ အရှင်အဂ္ဂပဏ္ဍိတမထေရ်မြတ်သည် သဒ္ဒါနှင့်ဆိုင်ရာ သဒ္ဒနီတိကျမ်းကို ရေးသားစီရင်၍ ပြီးစီးကြောင်းကို ကြားကြ၍ ထိုသဒ္ဒနီတိကျမ်းကို ထုတ်ယူကြည့်ရှုကြရာ ငါတို့ သီဟိုဠ်ကျွန်းသားများ အထင်မှားကြပြီ။ ဤသဒ္ဒနီတိကျမ်းသည် လွန်စွာ ကောင်းမြတ်သော သဒ္ဒါကျမ်းကြီး ဖြစ်ပါပေသည်။

ဤကျမ်းကို ပြုစီရင်သော အရှင်သည် သဒ္ဒါတွင် တစ်ဖက်ကမ်းခတ် တတ်မြောက်သော သဒ္ဒပါရဂူ ဆိုစလောက်ပါပေသည်ဟု ချီးမွမ်းစကားပြော ကြားပြီး သီဟိုဠ်ကျွန်းသို့ ပြန်ကြွကြသောဟူ၏။

## မူလဋီကာနှင့် အနုဋီကာ

မြန်မာပြည်၌ အဘိဓမ္မာတတ်မရှိ ဟူသော ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ချက်ကိုမူကား တွန်းလှန်ချေမှုန်းနိုင်ခြင်းမရှိသေး။ ထိုအချက်ကို ကျေလည်ချောမောအောင် ငါ ဖြိုဖျက်အံ့ဟု ငယ်ရွယ်စဉ်အခါက ကြုံးဝါးတော်မူသတတ်။ ထို့နောက် မန္တလေးမြို့ မြောက်ပြင်မင်္ဂလာ ကျုံးတော်အနီး မဟာဇောတိကာရာမတိုက် စံကျောင်းဆရာတော်ဘုရားကြီး၏ အထံတော်၌ ပိဋကတ်တော်သုံးပုံကို သင်ကြားပို့ချ၍ သီတင်းသုံးတော်မူခိုက် မန္တလေးမြို့တော်ကြီး၏ လေးပြင်လေးရပ်တို့၌–

mgyoe.com

mgyoe.com

၁။ အလွန်ထက်မြက်သော ဉာဏ်ပညာ၊ အလွန်နက်နဲသော ဂမ္ဘီရဉာဏ်ပြည့်စုံတော်မူကြသော အတိတိက္ခ အတိဂမ္ဘီရ မဟာထေရ်မြတ်ကြီးတို့သည် အဘိဓမ္မာဘက်ဆိုင်ရာ မူလဋီကာကျမ်း၊ အနုဋီကာကျမ်း၊ ဤကျမ်းနှစ်စောင်တို့ကို အသုံးပြုတော်မူလေ့ ရှိကြကုန်၏။ ပို့ချသင်ကြားတော်မူလေ့ ရှိကြကုန်၏။

၂။ အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာကျမ်း၊ မဏိသာရမဉ္ဇူသာဋီကာကျမ်း၊ ဤကျမ်းနှစ်စောင်တို့ကိုမူကား အသုံးပြုတော်မူလေ့ မရှိကြကုန်၊ ပို့ချသင်ကြားတော်မူလေ့ မရှိကြကုန်။

မိမိတို့ကိုယ်တော်တိုင် မသုံးစွဲမပို့ချရုံမျှသာမကကုန်၊ မိမိတို့၌ မှီ၍နေကြကုန်သော တပည့်သံဃာတော်များကိုလည်း ထိုကျမ်းနှစ်စောင်တို့ကို သုံးစွဲခြင်း၊ သင်ကြားပို့ချခြင်းတို့မှ တားမြစ်တော်မူကြကုန်၏။

## ဋီကာကျော်နှင့် မဏိသာရမဉ္ဇူသာ

တပည့်သံဃာတော်တို့ကို ဤသို့လည်း ပြောဆိုတော်မူလေ့ ရှိကုန်၏။ "သင်တို့သည် အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာနှင့် မဏိသာရမဉ္ဇူသာဋီကာများကို ပို့ချသင်ကြားခြင်းကို မပြုကြကုန်လင့်။ အဘယ့်ကြောင့်နည်းဆိုသော်- အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာကျမ်း၌ ချော်ချွတ်မှားယွင်းသော အရာတို့သည် များစွာရှိကုန်၏။ မဏိသာရမဉ္ဇူသာ ဋီကာကျမ်းကြီးသည်လည်း အနှစ်မပါ အကာအတိဖြစ်၍ ကျမ်းလေးသော စကားတို့ဖြင့်သာ ပြည့်၍နေ၏။ အပိုစကားတို့ဖြင့် ကျမ်းကြီး၍နေ၏။ ဝန်လေး၍နေ၏။ ထိုမဏိသာရမဉ္ဇူသာ ဋီကာကျမ်းကြီးသည် ဖွဲပုံကြီးနှင့် တူ၏။ ဖွဲစုကြီးနှင့်တူ၏။ ဖွဲဖြင့်ပြည့်သော တိုက်ကြီးနှင့်တူ၏။ ထို့ကြောင့် သင်တို့သည် ထိုဋီကာ ကျမ်းနှစ်စောင်တို့ကို သင်ကြားပို့ချခြင်းများကို မပြုကြကုန်လင့်"

[ဤကား အတိတိက္ခ၊ အတိဂမ္ဘီရ မဟာထေရ်ကြီးတို့၏ စကားတော်များတည်း။]

mgyoe.com

mgyoe.com


**ပရမတ္ထဒီပနီကျမ်း ရေးသားရန် အကြံ**

ထိုသို့ တိက္ခ၊ ဂမ္ဘီရမဟာထေရ်ကြီးတို့၏ မိန့်ဆိုမှာထားတော်မူချက်ကို ဤ "ပရမတ္ထဒီပနီဋီကာ" ကို ပြုစုတော်မူသော မဟာထေရ်မြတ်သည်လည်း အမှတ်တရ ကြားတော်မူလိုက်ရ၏။ ထိုမဟာထေရ်မြတ်ကြီးတို့၏ အမိန့်စကားများကို ကြားတော်မူရသောအခါ "ပရမတ္ထဒီပနီဋီကာ" ကျမ်းကို ပြုတော်မူလတ္တံ့သော အရှင်မြတ်အား ဤသို့ အကြံဖြစ်တော်မူလတ်၏။

"ငါတို့သည်လည်း ထိုတိက္ခ၊ ဂမ္ဘီရ မဟာထေရ်ကြီးတို့ မိန့်တော်မူသောအတိုင်း သိခြင်း မြင်ခြင်းငှာ အပ်လှချေ၏"

ဤသို့ အကြံဖြစ်တော်မူ၏။ ထိုသို့ အကြံတော်ဖြစ်သည်မှစ၍ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌ ပါရှိသော အချက်များကို ပါဠိတော်ကြီး၊ အဋ္ဌကထာကြီးတို့၌ လာသော စကားအချက်တို့နှင့် စပ်ဖက်နှိုင်းညှိတော်မူလေ့ ရှိ၏။ သဒ္ဒါအဆုံးအဖြတ်၊ အနက်အဓိပ္ပာယ် အဆုံးအဖြတ်များကိုလည်း ကောင်းမွန်သေချာစွာ စိစစ်တော်မူလေ့ရှိ၏။ ထိုသို့ ပါဠိတော်ကြီး၊ အဋ္ဌကထာကြီးတို့နှင့် တိုက်ဆိုင်နှိုးနှော၍ စိစစ်တော်မူလေရာ ရှေးမဟာထေရ်ကြီးတို့ မိန့်တော်မူကြဖူးသောအတိုင်း အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ၌ မှားယွင်းချော်ချွတ်သော အရာဌာနတို့ကို ကိုယ်တော်တိုင် ဒိဋ္ဌတွေ့မြင်တော်မူရကုန်၏။

ထိုအခါ "ငါသည် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၌ သဒ္ဒါအဆုံးအဖြတ်၊ အနက်အဆုံးအဖြတ်တို့နှင့် ပြည့်စုံသော ဋီကာကျမ်းတစ်စောင်ကို ရေးခြင်းငှာ သင့်လှချေ၏" ဟူ၍ ပရမတ္ထဒီပနီကို ပြုတော်မူလတ္တံ့သော အရှင်မြတ်၌ ကြီးလှ စွာသော အကြံတစ်ခု ပေါ်ပေါက်လာ၏။ ထို့ပြင် သီဟိုဠ်ကျွန်းသားတို့ ကဲ့ရဲ့ ရှုတ်ချအပြစ်တင်ချက်ကြီးကိုလည်း တွန်းလှန်ချေမှုန်းအံ့ ဟူသော ရှေးက ကြုံးဝါးချက်ကြီးကို ကျေလည်ချောမောစေရန်လည်း ဖြစ်ချေ၏။

**မီးဘေးကြောင့် လက်လျှော့ရခြင်း**

ထိုအခါမှစ၍ ပိဋကတ်တော်သုံးပုံတို့ကို သေချာစွာ ရှုကြည့်တော်မူ၍ အဘိဓမ္မာနှင့် စပ်ဆိုင်သော အချက်အလက်ကြီးတို့ကို ကောင်းစွာ ရွေး

mgyoe.com

ကောက်တော်မူပြီးလျှင် ပုရပိုက်တို့၌ လည်းကောင်း၊ ဘုတ်အုတ်တို့၌ လည်းကောင်း တင်မှတ်ရေးသား၍ ထားတော်မူ၏။ နောင်ဋီကာတစ်စောင် ရေးဖြစ်ပါမူကား ထိုမှတ်ချက်တို့သည် သက်သေသာဓက အရာတို့၌ တည် ပေကုန်လတ္တံ့ဟူ၍ မျှော်ကိုးတော်မူပြီးခါများစွာ စုဆောင်းတော်မူလေ့ ရှိ၏။ နောက်တစ်ရံရောအခါ မန္တလေးမြို့တော်ကြီး၌ ကြီးစွာသော မီးဘေးကြီး ပေါ်ပေါက်လာ၏။ ထိုအခါ ရေးမှတ်၍ ထားကုန်သော ပုရပိုက်နှင့် ဘုတ် အုတ်များသည် မီးဘေးနှင့် တွေ့ကြုံကြ၍ ပျက်စီးကြလေ၏။

ထိုအခါ အားကိုးအားထားအပ်သော အရာဌာနတို့ ပျက်စီးယွင်းပါးလေ သဖြင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာ တစ်စောင်ကို ရေးအံ့ဟု ကြံစည်သော အကြံသည် နောက်သို့ဆုတ်၍ တရွေ့တရွေ့ ငြိမ်းစဲလေ၏။

## ပရမတ္ထဒီပနီကျမ်း အောင်မြင်ပြီ

ထို့နောက် မန္တလေးမြို့ မဟာဇောတိကာရာမတိုက် စံကျောင်း ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းမှ ထွက်ခွာခဲ့ပြီးလျှင် သလ္လာဝတီ မြစ်၏အနီး မုံရွာမြို့ကြီးသို့ ရောက်လာ၏။ သက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် ၎င်းမုံရွာမြို့ မြောက်မျက်နှာ၌ လယ်တီမည်သော တောကျောင်းတိုက်ကြီး ကို တည်ထောင်တော်မူ၍ လာလာသမျှသော သံဃာပရိသတ်တို့အား ပိဋက တ်တော်သုံးဖြာကို ပို့ချတော်မူ၏။ ထိုအခါမှ ရှေးမှတ်ထားရင်း ဖြစ်သော အချက်တို့ကို စုဆောင်းရရှိပြန်သဖြင့် ဓမ္မစ္ဆေဝါသိက ဖြစ်ကြကုန်သော ရဟန်းတပည့်အပေါင်း၊ လူတပည့်အပေါင်းတို့သည် အဘိဓမ္မတ္ထ သင်္ဂြိုဟ် ကျမ်း၏ အဖွင့်ဋီကာ ကျမ်းတစ်စောင်ကို ရေးသားတော်မူပါဟု များစွာ တောင်းပန်ကြသည်ကို သည်းခံတော်မူလျက် ကြည်လင်သန့်ရှင်းသော ပရမတ္ထ ဒီပနီမည်သော သင်္ဂြိုဟ်မဟာဋီကာသစ်ကျမ်းကြီးကို ရေးသားတော်မူ၍ ၁၂၅၉ ခုနှစ်၊ တန်ဆောင်မုန်းလ၌ ပြီးစီးအောင်မြင်လေ၏။

mgyoe.com

mgyoe.com


## သဒ္ဒါဘက်ဆိုင်ရာ နိရုတ္တိဒီပနီကျမ်း

သက္ကရာဇ် ၁၂၆၅ ခုနှစ်၊ ဝါဆိုလတွင် ပြီးစီးအောင်မြင်သည်။ သဒ္ဒါကျမ်းတို့ကို ကမ်းတစ်ဖက်သို့ ရောက်လိုသော ပုဂ္ဂိုလ်အတွက် အထူးနှစ်သက်ရွှင်လန်းစေမည်ဖြစ်သော ကျမ်းထူးကျမ်းမြတ် ဖြစ်၏။ မဟာထေရ်မြတ်ကြီး၏ အလိုတော်သည်မှုကား– "ကမ္ဘာလောကကြီး၌ နေမင်း၊ လမင်းတို့သည် အရောင်တပြောင်ပြောင် ထွန်းလင်းတောက်ပြောင်ဘိသကဲ့သို့ ထို့အတူ ပိဋကတ် သုံးပုံ ပါဠိအနက်တို့၌ ဤနိရုတ္တိဒီပနီကျမ်းသည် လည်းကောင်း၊ ပရမတ္ထတရားအရာတို့၌ ဤပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာဋီကာသစ်ကျမ်းသည် လည်းကောင်း ဤနှစ်စောင်သော ကျမ်းတို့သည် သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်ထွန်းနေသမျှ ကာလပတ်လုံး ထွန်းလင်းတင့်တယ်ပါစေ" ဟူသတည်း။

## နိရုတ္တိဒီပနီနှင့် အုန်းပင် ကျောင်းဆရာ လူထွက်

သက္ကရာဇ် ၁၂၇၇ ခုနှစ်၊ တပို့တွဲလ ပုဂံဝန်ထောက်မင်း ဦးတင့် ပင့်လျှောက်ချက်အရ ပုဂံမြို့သို့ ကြွလာတော်မူ၍ ၅–ည၌ တရားဟောတော်မူပြီး ညောင်ဦးသို့ ဆက်လက် ကြွတော်မူမည်ဖြစ်ရာ ပုဂံဝန်ထောက်မင်းက ဆရာတော်ဘုရားကြီးအား လျှောက်ထားသည်မှာ–

> "အရှင်ဘုရား ညောင်ဦးသို့ ကြွတော်မူလျှင် ကျမ်းတတ်ဂန်တတ်၊ စကားတတ် အုန်းပင်ကျောင်းဆရာလူထွက် ရှိပါသည်။ သာမည မှု မှု ပုဂ္ဂိုလ်ဆိုလျှင် ထွက်ပြေးလောက်အောင် အာပေါင်အာရင်း ကောင်းလှပါသည်။ ဆရာတော်ဘုရားသည် ၎င်းအုန်းပင်ကျောင်းဆရာ လူထွက်ကို သတိထားတော်မူပါဘုရား"

ဟု လျှောက်ထား၏။ ဆရာတော်ဘုရားကြီးကလည်း 'အေး... ကောင်းပြီကွဲ့၊ သတိထားရတာပေါ့ကွဲ့ဟု မိန့်တော်မူပြီး ညောင်ဦးမြို့သို့ ကြွရောက်တော်မူ၏။ ညောင်ဦးရောက်သည့်အခါ ပုဂံဝန်ထောက် လျှောက်ချက်အတိုင်း အုန်းပင်ကျောင်းဆရာလူထွက်သည် နောက်ပါတပည့် အခြံအရံ

mgyoe.com

နှစ်ကျိပ်ကျော်နှင့် ဆရာတော်ဘုရားကြီးထံသို့ အကန်တော့ဆိုက်ရောက်လာ၏။ အာလာပ သလ္လာပ သာရဏီယကထာ အသက်ထက်ဆုံး အောက်မေ့အပ်သော စကားများ ပြောကြားပြီးနောက် အုန်းပင်ကျောင်းဆရာလူထွက်က ပရိသတ် အလယ်တွင် ရဲတင်းစွာ ဆရာတော်ဘုရားကြီးအား ဤသို့လျှောက်၏။

"အရှင်ဘုရား လျှောက်ထားစရာတစ်ခုရှိပါသည်။ ခွင့်ပေးတော်မူပါ" ဟု ခွင့်တောင်းလျှောက်ရာ ဆရာတော်ဘုရားကြီးက "အေး... ခွင့်ပေးတယ်။ လျှောက်ချင်ရာလျှောက်" "တခြားဟာတော့ မဟုတ်ပါ၊ အရှင်ဘုရားရေးတော်မူသော နိရုတ္တိဒီပနီကာသစ်ပါဌ် ပထမပဏ္ဏာမ ၈– ဂါထာရှိပါသည်။ ၎င်းတွင်–

၁။ ဒုတိယဂါထာ တတိယပါဒ၌ အက္ခရာတစ်လုံး ပိုလွန်နေခြင်း၊
၂။ ပဥ္စမဂါထာ စတုတ္ထပါဒ၌ အက္ခရာတစ်လုံး ပိုလွန်နေခြင်း၊
၃။ ဆဋ္ဌမဂါထာ စတုတ္ထပါဒ၌ အက္ခရာတစ်လုံး ပိုလွန်နေခြင်း၊
၄။ အဋ္ဌမဂါထာ တတိယပါဒ၌ အက္ခရာတစ်လုံး ပိုလွန်နေခြင်း၊

အဲဒီအက္ခရာတစ်လုံးပိုတွေကို ဖျက်ပစ်ပါဘုရား"

ဟု အာပေါင်အာရင်း ဓနိတသံတွေ ခပ်များများနှင့် လျှောက်ထားရာ ဆရာတော် ဘုရားကြီးက မိန့်တော်မူသည်မှာ–

"မင်းက ငါ့ကို သဒ္ဒါမတတ်၊ ဆန်းမတတ်၊ ပိဋကတ်မကျေပွန်လို့ အက္ခရာတွေ ပိုလွန်ထားတယ်လို့ မှတ်သလား။ သဒ္ဒါတတ်လို့၊ ဆန်း တတ်လို့၊ ပိဋကတ်ကျေပွန်လို့ အက္ခရာပိုလွန်ထားတာကွဲ့" ဟု အမိန့် တော်ရှိပြီး နိရုတ္တိဒီပနီကျမ်းစာတစ်အုပ်ကို ယူ၍ "ကိုင်း... ဟောဒီ သဒ္ဒါ စာအုပ်ကို မင်းကြည့်စမ်းကွဲ့"

ဟု ပေးတော်မူ၏။ အုန်းပင်ကျောင်းဆရာလူထွက်လည်း နိရုတ္တိဒီပနီကျမ်း စာအုပ်ကို ယူ၍ နောက်ပါတပည့်များနှင့် ဆရာတော်ဘုရားကြီးအား ရှိခိုးဝတ်ချ ပြီး ပြန်သွားကြ၏။ ငါးရက်ခန့်ကြာသောအခါ ရှေးနည်းအတူ အုန်းပင်ကျောင်း ဆရာလူထွက်သည် နောက်ပါတပည့် အခြံအရံနှစ်ကျိပ်ကျော်နှင့် ဆရာတော် ဘုရားကြီးထံသို့ ဆိုက်ရောက်ကြပြန်၏။ ထိုအခါ ဆရာတော်ဘုရားကြီးက စတင်၍ မေးတော်မူသည်မှာ–

mgyoe.com

mgyoe.com


"အုန်းပင်ကျောင်းဆရာ နိရုတ္တိဒီပနီကျမ်းစာအုပ်ကို ကျေလည်စွာ ကြည့်ရှုပြီးပြီလားကွဲ့" ဟု မေးတော်မူလိုက်ရာ "မှန်လှပါ၊ အစ အလယ် အဆုံး ကျေလည်စွာ ကြည့်ရှုပြီးပါပြီ။ ရှေးအခါက ပုဂံအရှင်အဂ္ဂပဏ္ဍိတ ရေးတော်မူသော သဒ္ဒနီတိကျမ်းသည် သဒ္ဒါအရာမှာတော့ ပြိုင်ဘက်မရှိ လွန်စွာကောင်းသည်ဟု လက်စွဲထားပါသည်။ အားကိုးအားထားရှိ သည့်အတိုင်းလည်း တပည့်တော်၏ သားကလေးအား သဒ္ဒနီတိကို ပို့ချ ပေးနေပါသည်။ ယခု အရှင်ဘုရား၏ နိရုတ္တိဒီပနီကို ကြည့်ရှုရတော့ သဒ္ဒနီတိကျမ်းကို လွှတ်ပစ်လိုက်ပြီဘုရား"

ဟု လျှောက်ရာ ဆရာတော်ဘုရားကြီးက "ဘာ့ကြောင့် သဒ္ဒနီတိကို လွှတ်ပစ်ရမှာလဲကွဲ့၊ သူလည်း တစ်မျိုးကောင်းပေတာပဲ၊ နိရုတ္တိဒီပနီလည်း တစ်မျိုးပေါ့ကွဲ့" ဟု မိန့်တော်မူရာ– "မတူဘူးဘုရား၊ နိရုတ္တိဒီပနီက ပိဋ္ဋကတ်သုံးပုံတွင်ပါရှိတဲ့ ပြယုဂ်ထူး၊ ပြယုဂ်ဆန်းတွေ စုံလင်စွာ ပါရှိသဖြင့် ပိဋ္ဋကတ္တယပါဠိဂရုဖြစ်ကြောင်း၊ သဒ္ဒပါဠိဂရုဖြစ်ကြောင်း၊ ဆန္ဒပါဠိဂရုဖြစ်ကြောင်း သိရပါသည် ဘုရား။ တပည့်တော်၏ နှုတ်ဝစီလွန်ကျူးမှုကြီးကို သည်းခံတော်မူပါဘုရား" ဟု လက်အုပ်ချီ၍ အကြိမ်ကြိမ် ကန်တော့ပန်း ဆက်သလေ သတည်း။

ပဋိစ္စ သမုပ္ပာဒ်ပျို့

သက္ကရာဇ် ၁၂၅၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့ မဟာဗောဓိသို့ ဖူးမြော်သွားရာ၊ မန္တလေးမြို့မှ ရန်ကုန်မြို့သို့အထွက် မီးရထားထက်တွင်–

"ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ် သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိသား၊ တြိဒွါရ၊ ရှိဦးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ္ပတ်၊ သမုပ္ပာဒ်ကို၊ အတပ်သိရန်၊ နိဒါန်းပြန်ပိမ့်၊ အမှန်လေးချက်၊ သဘော နက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်"

အစချီသော ပဋိစ္စသမုပ္ပာဒ်ပျို့ လင်္ကာ ၁၃ ပုဒ်ကို စီရင်ရေးသားလာရာ ရန်ကုန်မြို့သို့ ဆိုက်လျှင် လင်္ကာပြီးစီး၏။

mgyoe.com

mgyoe.com


**ပဋ္ဌိစ္စသမုပ္ပာဒ် ဒီပနီ**

သဘော်သို့ တက်စီး၍ ဘင်္ဂလားမြို့သို့ ကူးရာ လေးညငါးရက်ပတ်လုံး ကမ်းမမြင်သော ပင်လယ်အပြင်မှာ ရေးသားသော ၎င်းလင်္ကာ ၁၃ ပုဒ်အဖြေ၊ ဘင်္ဂလားမြို့မှ မဟာဗောဓိနှင့်တကွ ကုသိနာရုံ ဗာရာဏသီ စသော တိုင်းကြီး ပြည်ကြီးများကို လှည့်လည်ရာ လမ်းစဉ်တစ်လျှောက်မှာ ရေးသားသော အဖြေ၊ ၎င်းအဖြေတို့ကို စုပေါင်း၍ **ပဋိစ္စသမုပ္ပာဒ်ဒီပနီ** အမည်ဖြင့် စာအုပ်ထွက်ပေါ် လျက်ရှိလေပြီ။

**ကုန်းသတ္တဝါအသား လှူဒါန်းခြင်း**

မဟာဗောဓိသို့ရောက်၍ ဖူးမြော်ပူဇော်ရာ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တွေ တဖွားဖွား ပေါ်ပေါက်လာ၏။ ထိုအခါ မြတ်စွာဘုရား၏ ကိုယ်စားပြု၍ သတ္တဝါများကို ဆင်းရဲဒုက္ခမှ ကယ်တင်လိုသောစိတ် ဖြစ်ပေါ် လာ၏။

ဤကဲ့သို့ ဖြစ်ပေါ်လာသည့်အတိုင်း ကယ်တင်နိုင်ရပါစေသောဟု ဆုတောင်းပတ္ထနာပြုလျက် အလွန်ကြည်ညိုသောစိတ်ဖြင့် ကုန်းသတ္တဝါတို့၏ အသားများကို မဟာဗောဓိအား လှူတော်မူ၏။

[ ဤကား ကုန်းသတ္တဝါအသားကို လှူတော်မူပုံတည်း။]

မုံရွာမြို့သို့ ပြန်ရောက်ခန်းပြီး၏။

❐

mgyoe.com

mgyoe.com

# ၅ - နိုင်ငံတော်အတွင်း သာသနာပြုခန်း

## ဒလမြို့ ဆပဂံတောရ

မဟာဗောဓိမှအပြန် တန်ခူးလဆန်း ၈ ရက်နေ့ ဟံသာဝတီနယ် ဒလမြို့ တောတန်းကြီး ဆပဂံတောရကျောင်းတွင် သီတင်းသုံးတော်မူ၏။

ထိုဆပဂံတောရကျောင်းတွင် ရှေးဦးစွာ သမထအလုပ်များကို ထူထောင်အားထုတ်တော်မူ၏။ ကသိုဏ်း ၁၀ ပါးတို့တွင် ဩဒါတအဖြူကသိုဏ်းကို ဘုရားရှင်တို့ ချီးမွမ်းတော်မူကြ၏။ သာသနာတော်ထမ်း ရဟန်းတော်များနှင့်လည်း သင့်လျော်၏။ ထို့ကြောင့် ဩဒါတအဖြူကသိုဏ်းကို အားထုတ်ခြင်းငှာ သင့်၏ဟု တစ်ခုသော အဖြူပိုင်း၌ စိတ်ကို ခိုင်မြဲစွာထား၍ "အဖြူ အဖြူ" ဟု ဆင်ခြင်နှလုံးသွင်း၍ ရှုတော်မူ၏။ ပထမ ဆီးဖြူသီးခန့် အဖြူကသိုဏ်းကို နိုင်နင်းသောအခါ ခုံညင်းခန့် အဖြူကသိုဏ်းကို နှလုံးသွင်းတော်မူ၏။ ၎င်းနောက် ဂုံညင်းနှစ်လုံးခန့်၊ လက်သီးဆုပ်ခန့်၊ ဦးခေါင်းတစ်လုံးခန့်၊ ကိုယ်တစ်ပိုင်းခန့်၊ ကိုယ်တစ်လုံးခန့်။ ၎င်းနောက် မိမိနေသော အခန်းတစ်ခုလုံးခန့်၊ ၎င်းနောက် ကျောင်းတစ်ကျောင်းလုံးခန့်၊ ၎င်းနောက် ကျောင်းတိုက်တစ်တိုက်လုံးခန့် စသည်ဖြင့် အဖြူကသိုဏ်းအာရုံကို ချဲ့၍ ချဲ့၍ သွားရာ ပင်လယ်အပြင်ကြီးကဲ့သို့ ကြည်လင်သန့်ရှင်းစွာ ပဋိဘာဂနိမိတ် ထင်ခြင်းသို့ ရောက်လာ၏။ ပဋိဘာဂ နိမိတ်ထင်ခြင်းသို့ ရောက်သော်လည်း အာရုံနယ်

mgyoe.com

mgyoe.com


အလွန်ကျယ်ဝန်းနေသည့်အတွက် အာရုံကို နိုင်နိုင်နင်းနင်း ငြိမ်သက်အောင် မယူနိုင်ရှိလေ၏။

ထိုအခါ ဤသို့ ဆင်ခြင်တော်မူမိ၏။ ပဋိဘာဂနိမိတ်တို့ သဘောမည်သည် ငြိမ်သက်တည်ကြည်စွာ ထင်မြဲဖြစ်၏ဟု ကျမ်းအဆိုရှိ၏။ ယခု ထင်လာသော အာရုံကား ငြိမ်သက်ခြင်းမရှိ လှုပ်ရှား၏။ လှုပ်ရှားသော အာရုံသည် ပဋိဘာဂနိမိတ် ဟုတ်မည်မထင်၊ အာရုံလိမ်ကြီး ပေါ်ပေါက်လာသည်ဟု အထင်မှား၏။ ဤသို့ အထင်မှားချက်အတိုင်း အတည်ပြုလျက် သည်အာရုံကြီးကို ဖျက်ပစ်မှတော်မည်ဟု စိတ်ကူးကြံစည်မိ၏။ ကြံစည်သည့်အတိုင်း ၎င်းပဋိဘာဂနိမိတ်အာရုံကို မပျက်ပျက်အောင် အတင်းနှင်ထုတ်ဖျက်ဆီးလေ၏။ သာမညနှင့် မပျက်စီးနိုင်။ အတော်ကြာအောင် ဖျက်ဆီးရ၏။ တစ်ညလုံး မီးခွက်တွေ ထွန်းပြီး မီးရောင်ကို သေသေချာချာကြည့်လျက် အရောင်အလင်းအာရုံကိုယူ၍ ဖျက်မှ ပဋိဘာဂနိမိတ်အာရုံ ပျက်သွားလေ၏။ ၎င်းအာရုံကို မဖျက်ဆီးဘဲ ကောင်းစွာ မွေးမြူ၍ အထက်ကို တက်သွားလျှင် အပ္ပနာသို့တောင် ရောက်နိုင်၏ဟု အမိန့်တော်ရှိဖူးသည်။

၎င်း ဒလတောတန်းကြီး ဆပဂံတောကျောင်း၌ပင် အာနာပါနကမ္မဋ္ဌာန်းလုပ်ငန်းကြီးကိုလည်း ဆက်လက်ထူထောင်တော်မူပြန်၏။ အာနာပါနကမ္မဋ္ဌာန်းလုပ်ငန်းစဉ်ကြီးများသည် လယ်တီကမ္မဋ္ဌာန်းကျမ်းစာအုပ်တွင် ပါရှိပြီးဖြစ်၍ ဤစာအုပ်တွင် ချွင်းချက်ထားခဲ့ပါသည်။ ၎င်းတောရကျောင်း၌ တရားအားထုတ်တော်မူစဉ် အောက်အမည်ပါ တေးထပ်ကိုရေး၍ တပည့်ရှင်ဝဏ္ဏိတအား ပေးအပ်တော်မူ၏။

**တေးထပ်** – သာသနာနောက်ဖျား၊ ပေါက်ဖွားကြဆူဆူ၊ ယောကျ်ားပ
ငါလိုလူ၊ ဇမ္ဗူမှာရှာစမ်း။ အားလုံ့လအလံထူ၊ စံမတူထိုး
တော့ဥဒါန်း။ ။ ယောဂီမှုထွေလာ၊ ပဒေသာဉာဏ်ဆန်း။
ကေသရာဉာဏ်အစွမ်းဟာမို့၊ ဈာန်လမ်းကိုပြီးတိုင်။ ဝသီ
ဘော် အစုံငါး၊ အကုန်သား စိုးရပိုင်နိုင်။ ။ ဖြဟ္မာအောက်
ထက်မိုးခရိုင်မှာ၊ တန်ခိုးမြိုင်မြိုင် အလံစိုက်လို့၊ စံလိုက်

mgyoe.com

mgyoe.com


မယ်ပ အကျော်အမော်၊ ငြီးဘူ့ပျော်ပျော်။ မိတေးသခင့်
အောင်ပွဲတော်မှာ၊ နောင်ရဲအမော် လုပ်စမ်းမယ်ပလေး။

## မုံရွာမြို့လယ်တီတိုက်

သက္ကရာဇ် ၁၂၅၈ ခုနှစ်၊ တပေါင်းလတွင် ဒလတောတန်းကြီးမှ ပြန်ကြွလာတော်မူပြီးလျှင် ၁၂၅၉ ခုနှစ် ဝါ,၊ ၁၂၆၀ ပြည့်နှစ် ဝါတို့၌ မုံရွာမြို့ လယ်တီတိုက်ကြီးအတွင်း အတောင်ခြောက်ဆယ်ရှိသော စကြံကြီး၌ ဝါကပ် နေထိုင်တော်မူ၏။ ထိုစဉ်အခါ **လက္ခဏဒီပနီ၊ ပုဗ္ဗောဝါဒကမ္မဋ္ဌာန်း၊ ဝိဇ္ဇာ မဂ္ဂဒီပနီ**ကျမ်းများကို ရေးသားတော်မူ၏။

## ကျိုက်ထိုမြို့ သေက္ခုတောင်

၁၂၆၀ ပြည့်နှစ် သီတင်းဝါလကျွတ်၍ တန်ဆောင်မုန်းလ ကျိုက်ထိုမြို့ သေက္ခုတောင်တပည့် ဦးတိလောက ပင့်လျှောက်ချက်အရ ကြွလာတော်မူ၍ သေက္ခုတောင်တွင် သီတင်းသုံးတော်မူရာ တစ်လခန့် ကြာတော်မူ၏။ ထို သေက္ခုတောင်တွင် တရားအားထုတ်တော်မူခိုက် ထူးခြားသော အချက်ကြီး တစ်ခုသည်ကား–

ညနေစောင်း ၄ နာရီခန့်အချိန်တွင် ကပ္ပိယဒါယကာ မောင်စမုံသည် အဖျော်ရည်ကပ်ရန် ဆရာတော်ဘုရားကြီး ကမ္မဋ္ဌာန်းအားထုတ်သော သစ်ခက်သခ်မ်း ကမ္မဋ္ဌာန်းကျောင်းသို့လာရာ ဝါးတစ်ရိုက်ခန့် အနီးသို့ ရောက်၍ ဆရာတော်ဘုရားကြီးအား လှမ်းကြည့်လိုက်ရာ... မြေပေါ်မှ နှစ်တောင်ခန့်အကွာ ကောင်းကင်တွင် တင်ပလ္လင်ခွေလျက် မျက်လွှာချ ကာ သီတင်းသုံးနေသည်ကို တွေ့မြင်၍ အံ့အားသင့်ကာ ဖျော်ရည်ခွက်ကို ကိုင်ပြီး ရှေ့သို့မတိုးဝံ့ဘဲ နောက်သို့ဆုတ်ပြီး ဦးနန္ဒမာလာ၊ ဦးဝိသုဒ္ဓ၊ ဦးဇဝန, ဦးသောဘဏ, ဦးသုန္ဒရတို့အား အကြောင်းကို လျှောက်ထားရာ ထိုတပည့်ကြီးများလည်း မနီးမဝေးက တစေ့တစောင်း ချောင်းမြောင်း ကြည့်ရှုကြ၏။ ကပ္ပိယ ဒါယကာပြောတိုင်း မှန်ကန်စွာ တွေ့မြင်ကြ၍ သေက္ခုတောင်ဆရာတော် ဦးတိလောကအား လျှောက်ကြပြန်၏။

mgyoe.com

mgyoe.com


ဆရာတော် ဦးတိလောကသည် ကပ္ပိယဒါယကာနှင့်တကွ တပည့်ကြီးတို့ကို ခေါ်တော်မူ၍ မိန့်တော်မူသည်မှာ–

"တပည့်တို့... သင်တပည့်တို့အား ငါဆရာ နှုတ်ပိတ်စကား ပြောကြားအံ့၊ ကောင်းစွာ နာယူကြရမည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိနေသမျှကာလပတ်လုံး ယခု သင်တပည့်တို့ ထင်ရှားစွာ တွေ့မြင်ရသောအတိုင်း သင်တပည့်တို့မှတစ်ပါး တခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ မပြောကြားကြရဟု ငါဆရာ ကျပ်တည်းစွာ နှုတ်ပိတ်စကား ပြောကြား၏"

ဟု ပိတ်ပင်တားမြစ်ထားတော်မူ၏။

### ဘီးလင်းမြို့ ကုသိနာရုံ

၁၂၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၅ ရက်တွင် ကျိုက်ထိုသေကျှတောင်မှ ဘီးလင်းမြို့ ကုသိနာရုံဘုရားကို အဖူးအမြော်ရောက်သောအခါ ၎င်းတောင်ပေါ်ဘုရားမှာနေသော ရသေ့ဆရာနှင့် တွေ့ကြရာ သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော အတ္တဝါဒုပါဒါန် ဖြိုဖျက်ရာသော နည်းလမ်းကို ရသေ့လျှောက်ထားချက်နှင့် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကို ရေးသားတော်မူရာ ၎င်းနှစ် ပြာသိုလဆန်း ၁၂ ရက်နေ့တွင် အပြီးသို့ ရောက်တော်မူသည်။

### မုံရွာမြို့ လယ်စဥ်ရွာ

၁၂၆၁ ခုနှစ်တွင် လယ်စဥ်ရွာသူကြီးမင်း ဆောက်လုပ်အပ်သော ဓမ္မိကာရုံတိုက် ဓမ္မနန္ဒကျောင်းကြီး၌ ဝါကပ်နေထိုင်တော်မူ၏။ ၎င်းနှစ်တွင်–

၁။ ပုသိမ်မြို့ ရုံးအင်စပက်တော် မောင်ကျော်စံ၊
၂။ မုံရွာမြို့ အခွန်ဝန် မောင်လူကလေး၊
၃။ မြို့အုပ်မောင်ထွေး၊
၄။ အမိန့်တော်ရရှေ့နေ မောင်ကျော့၊
၅။ ဘုတလင်ဝန်ထောက် မောင်ရွှေ၊

mgyoe.com

mgyoe.com


၆။ ပန်းချီတိုက် ပုလဲဝန်ထောက် မောင်ဘော၊

၇။ ဆားလင်းကြီး မြို့အုပ်တို့ လျှောက်ထားချက်အရ အလွန်သိမ်မွေ့နက်နဲခက်ခဲလှသော နိဗ္ဗာန်၏ သဘောသဘာဝတ္တများကို အကိုးအကား ပါဠိသာဓက များစွာတို့ဖြင့် တန်ဆာဆင်အပ်လျက် နိဗ္ဗာနဒီပနီ ဟူသော အမည်ဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားတော်မူသည်။ ၎င်းနိဗ္ဗာနဒီပနီကျမ်းကို ရွှေကျင်နိကာယ သံဃာ့ဦးကိုင် ဒုတိယ သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် အားရနှစ်သက်တော်မူလှသဖြင့် ဆိဒ္ဓပိဓာနနီ ကျမ်းစာအုပ် မျက်နှာနံပါတ် ၈၉ တွင် ထည့်သွင်းဖော်ပြထားတော်မူသည်မှာ–

"ကျမ်းဂန်ပိဋကတ် အရပ်ရပ်တို့၌ ခက်ခဲလျှို့ဝှက်သော အနက်သဘော အဓိပ္ပာယ်တို့ကို အလွယ်တကူ ဗိုလ်လူအများ သိထင်ရှားအောင် စကား ပြေစုဏ္ဏိယ၊ ဂါထာဗန္ဓ၊ ကဗျာဂန္ထတို့ဖြင့် ခဏချက်ဖြုတ် တစ်မုဟုတ်နှင့်ပင် ဖွင့်ထုတ်ဖော်လှစ် ပြေပြစ်ချောမောစွာ ပြုစီရင်နိုင်စွမ်းသော တိက္ခ၊ ဇဝန၊ ဂမ္ဘီရဉာဏ်ထူးရှိပေသော လေ့ကူးမုံရွာတောရမည် လယ်တီဆရာတော် စီရင်ရေးသားအပ်သော နိဗ္ဗာန်စကားတို့ကို သွင်းထားဖော်ပြဦးအံ့"။

ဟု အစချီ၍ စာမျက်နှာနံပါတ် ၁၁၃ အထိ နိဗ္ဗာနဒီပနီ နိဋ္ဌိတာအဆုံး တစ်အုပ်လုံး ထည့်သွင်းဖော်ပြထားတော်မူသည်။

[လယ်စဉ်ရွာသည် မုံရွာမြို့မှ ၄ မိုင်ကွာ၏။]

### ဒီပရင်းမြို့ မဟာမြိုင်တောကြီး

သက္ကရာဇ်၁၂၆၂ခုနှစ်တွင်မဟာမြိုင်တောကြီး၌ဝါကပ်နေထိုင်တော်မူ၏။ ထိုမဟာမြိုင်တောကြီးသည် ဒီပရင်းမြို့ ၏ မြောက်စွန်းမှစ၍ ဟိမဝန္တာတောင် အရှေ့စွန်းနှင့်ကပ်လျက် တည်၏။ ထိုမဟာမြိုင်တောကြီး၌ ထိန၊ မိဒ္ဓကို နိုင်နင်းအောင် အားထုတ်တော်မူပုံမှာ– တစ်ညလုံး အိပ်မှု ဣရိယာပုတ်ကြီးဖြင့် အချိန်ဖြုန်းခြင်းသည် ကိုယ့်ကျိုးကိုယ့်စီးပွားမဖြစ်၍ နစ်နာလှ၏။ ငါသည်

mgyoe.com

mgyoe.com


ဤအိပ်မှု ဣရိယာပုတ်ကြီးကို နိုင်နင်းအောင် ဖျက်ဆီး၍ပစ်အံ့ဟု တစ်ညလုံး မအိပ်ဘဲ မိုးလင်း၍ ကလတက်ကြီးခေါက်မှ နံရံကိုမှီ၍ မတ်ရပ်ဖြင့် အတန် ငယ် မှီကာမျှသော အိပ်ခြင်းဖြင့် အိပ်ပြီးလျှင် ဆွမ်းခံတော်မူသည်။ ဤကဲ့သို့ ချည်း နေ့ရောညဥ့်ရော မအိပ်ဘဲ တစ်ဝါတွင်းပတ်လုံး အပင်အပန်းခံ၍ အားထုတ်တော်မူသည်။ ဝါကျွတ်ပြီးသည်နောက် မိုးနှင့်ဆောင်း အကူး အပြောင်းတွင် ဥတုဖောက်ပြန်သည့်အတွက် နှာစေးချောင်းဆိုးဝေဒနာ ဖြစ် ပေါ်လာ၏။ ထိုအခါမှ အန္တရာယ်ကို စောင့်ရှောက်သောအားဖြင့် အချိန် အနည်းငယ်ကြာအောင် လှဲ၍ အိပ်တော်မူ၏။

## အလုံမြို့ ရွှေတာဦးတောင်ကျောက်ဂူ

သက္ကရာဇ် ၁၂၆၂ ခုနှစ်၊ ၁၂၆၃ ခုနှစ်များ၌ အလုံမြို့ အနောက်သလ္လာ ဝတီမြစ်၏ အနောက်ဘက်ကမ်းနဖူးတွင် တည်ရှိသော ရွှေတာဦးတောင် ကျောက်ဂူ၌ ဝါကပ်နေထိုင်တော်မူပြီးလျှင် **အာဟာရဒီပနီ၊ အနတ္တဒီပနီ**ကျမ်း တို့ကို ပြုစုတော်မူ၏။ ထိုတောင်၌ နေတော်မူစဉ် သလ္လေဟုကဝုတ္တိ၊ သန္တာန်ဦ ဂုဏ်တို့နှင့် အထူးပြည့်စုံစွာ နေထိုင်အားထုတ်တော်မူ၏။

## ထူးခြားချက်ကြီး

ရွှေတာဦးတောင်၌ သီတင်းသုံးတော်မူစဉ် အံ့ဩဖွယ်ကောင်းသော အချက်ကြီးကား– ၎င်းတောင် ကျောက်ဂူထဲတွင် လေးလ၊ ငါးလမျှ တစ်ပါး တည်း နေတော်မူလျက် ပဓာနအလုပ်ကို အားထုတ်တော်မူစဉ် အဖျား ရောဂါကြီး နှိပ်စက်၍လာ၏။ ဆရာတော်ဘုရားကြီးလည်း စွဲကပ်သော ဝေဒနာကို လူမှန်းမသိတစ်ချက် သိတစ်ချက်နှင့် သည်းခံတော်မူရသည်။ ထိုအခါ ကျောက်ဂူ၏ တစ်ခုသောထောင့်ကွေ့တွင် ကျောက်ဆင်းတုနှင့် တူသော အလွန်ဖြူစင်သော အဝတ်ကိုဝတ်လျက် "နတ်လား လူလား မသိ" သူတစ်ယောက် ထိုင်၍ ဆရာတော်ကြီးအား စောင့်ရှောက်နေ၏။ ဆရာ တော်ကြီးလည်း ဒုက္ခဝေဒနာကို ခံစားနေရသည့်အတွက် ၎င်းလူဖြူကို မေးခြင်း ခေါ်ခြင်း မပြုမလုပ်နိုင်ဘဲ တစ်ညဉ့်လုံး ထိုလူဖြူနှင့်သာ နေတော်မူ၏။

mgyoe.com

mgyoe.com


နံနက်လင်း၍ ဆွမ်းခံချိန်ရောက်သောအခါ ဆွမ်းခံရွာက ဒါယကာများလာ၍ အကြောင်းခြင်းရာကို မေးမြန်းပြီးလျှင် ရွာသို့ယူ၍ ကုသဖို့ရန် လျှောက်ထားကြကုန်၏။ ထိုလျှောက်ထားချက်ကို ပယ်တော်မူ၍ မုံရွာသို့ ရောက်အောင် ပို့ကြပေတော့ဟု မိန့်တော်မူ၏။ ဒါယကာတို့သည်လည်း ထမ်းစင်ကုလားထိုင်နှင့် ထမ်း၍ ယူကြရာ ကုလားထိုင်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပကတိလူမာကဲ့သို့ဖြစ်ပြီး သတိမေ့လျက် အိပ်ပျော်သွားရာ တောင်တစ်လုံး၊ ကုန်းကျင်းအဆင်းအတက်တွေကို ကျော်၍ သွားသော်လည်း မနိုးဘဲ သလ္လာဝတီမြစ် အရှေ့ဘက်သို့ ကူး၍ အလုံမြို့ ရွှေကျောင်း (ဦးဉာဏဝံသ) ဦးစံချိန်ကျောင်းသို့ ရောက်အောင် ယူဆောင်ကြကုန်၏။ ဦးစံချိန်ကျောင်းသို့ ရောက်၍ ကုလားထိုင်ကို ချသောအခါ သတိရ၍ နိုးလာ၏။

ဤကဲ့သို့ ဖြစ်ရခြင်းသည် အကြောင်းဘယ်သို့နည်းဟု လျှောက်ထားရာ ညဥ့်က ဂူထဲ၌ လူဖြူက လိုက်၍စောင့်ရှောက်ဟန်တူသည်ဟု မိန့်တော်မူ၏။ ၎င်းနောက် မုံရွာသို့ရောက်အောင် ယူဆောင်သွားကြသည်။ မုံရွာသို့ရောက်သော ညဥ့်အိပ်မက် ကြီးစွာ မြင်မက်တော်မူ၏။

၁။ မြင်းမိုရ်တောင်ကြီးကို အမိုတံကဲပျဉ်ပြုပြီး ယုဂန္ဓိုရ်တောင်ပေါ်မှာ ထိုင်နေရသည်ဟု မြင်မက်ခြင်းတစ်ချက်၊

၂။ ယုဂန္ဓိုရ်တောင်ပေါ်ကနေပြီး အလွန်ရွှင်လန်း စိမ်းစိုသော စကြဝဠာ တစ်ခုလုံးကို ကြည့်ရှုရသည်ဟု မြင်မက်သည်တစ်ချက်၊

၃။ ယုဂန္ဓိုရ်တောင်၏ အရှေ့တောင်ဘက် ဝင်းဝင်းထိန် အရောင်အမျိုးမျိုး ဖြင့် ပြည့်လျက်နေသော ရတနာလိုဏ်ဂူကြီးတစ်ခုကို မြင်ရသည်ဟု မြင်မက်သည် တစ်ချက် ၊

၄။ ၎င်းလိုဏ်ဂူထဲသို့ တောငှက်သတ္တဝါ အမျိုးမျိုးတို့ ရွှင်လန်း ဝမ်းမြောက်စွာ ဝင်ရောက် ခိုအောင်း၍နေသည်ဟု မြင်မက်သည် တစ်ချက်၊

၅။ မီးအလျှံတွေကဲ့သို့နေသော ဂူလိုဏ်ကြီးထဲသို့ ဘာကြောင့် ဝင်ကြသလဲ၊ မပူကြဘူးလားဟု မေးသောအခါ ကိုယ်တော်၏လိုဏ်

mgyoe.com

mgyoe.com


ဂူထဲမှာနေရတာ အလွန်အေးမြချမ်းသာ၍ ပျော်လွန်းလို့ ဝင်နေကြ ပါသည်ဟု ငှက်သတ္တဝါများက ပြောသည်ကို မြင်မက်သည် တစ်ချက်၊

၆။ မြင်းမိုရ်တောင်ကို မှီနေရာ တစ်အောင့်လောက် ကြာသောအခါ ခန္ဓာကိုယ်ကြီး မြင်းမိုရ်တောင်ကြီး ဖြစ်သွားသည်ဟု မြင်မက်သည် တစ်ချက်၊

ဤခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်တော်မူသည်။ ဤအိပ်မက်၏အကျိုး ဘယ်လိုပါလဲဘုရားဟု လျှောက်ထားသောအခါ နိုင်ငံလှည့်ပြီး သာသနာပြုနိုင်ဖို့ရန် မြင်မက်သည်ဟု အမိန့်တော် ရှိတော်မူသည်။ ၎င်းနောက် သုံးရက်မြောက်သောညဉ့် ကပ္ပိယတစ်ယောက် အိပ်မက်မြင်မက်ပြန်သည်။

မြင်မက်ပုံကား–

၁။ ဆရာတော်ဘုရားကြီး၏ လက်ခုပ်ရေအိုင်ထဲသို့ ငါးတွေ ဝင်လာပြီး လျှင် ပျော်ပါးမြူးထူးနေကြသည်ဟု မြင်မက်သည်။

၂။ အတော်ကြာသောအခါ ဆရာတော်ဘုရားကြီး၏ လက်ခုပ်သည် အလွန်ကြီးကျယ်သော ရေအိုင်ကြီးဖြစ်၍သွားသည်ဟု မြင်မက်သည်။

ကပ္ပိယဒါယကာသည် နံနက်လင်းသောအခါ ၎င်းအိပ်မက်ကို ဆရာတော်ဘုရားကြီးအား လျှောက်ထားသည်။ ၎င်းနောက် အဖျားရောဂါပျောက်ကင်းသောအခါ ရွှေတာဦးတောင်သို့ပင် ပြန်ကြွတော်မူ၍ တောနှင့်ဆိုင်ရာ ကမ္မဋ္ဌာန်းအလုပ်ကြီးတွေကို အားထုတ်တော်မူပြန်သည်။

## တပည့်ပဏ္ဍိတအား ဩဝါဒပေးခြင်း

အလုံမြို့ အနောက်ဘက် ရွှေတာဦးတောင်တွင် သီတင်းသုံးတော်မူသောအခါ တပည့်ပဏ္ဍိတအား ရေးသားဆုံးမတော်မူသော အနုသာသနီ တေးထပ်ကား–

ပါရမီသမ္ဘာရှိပါဘိ၊ တသာကိဘုန်းဝေ၊ စာမရီထုံးအနေလိုသုံးမသွေ့ သီလ။ ပရိယတ်စံမပေဟမှာ၊ ဉာဏ်ကဝေ ချီးလောက်သူပ။ ။ စိတ္တနှင့်

mgyoe.com

mgyoe.com


ပညာ၊ သာသနာမှန်လှ။ ဘာဝနာဉာဏ်အစမှာတော့၊ အနန္တဝေးပယ်။ သမ္မဇဉ်ဆိုခွင့်များမှာတော့၊ ချိုနှင့်လား မေးမဲ့သူကွယ်။ ။ လက္ခဏာမြင်နှုန်းကျယ်သည်၊ ယာဉ်သုံးသွယ် နေရာကျကိုဖြင့်၊ ပေယျာလနာနာသူကန်၊ ရွေးမျှမကြုံ။ ပိဋကတ်ကလေးဉာဏ်မှာသာ၊ အရေးသန်သန်သူစွဲရှာထင့်လေး။

## အဘိဓမ္မာဆရာနှစ်ဦးအား ဩဝါဒပေးခြင်း

အလုံမြို့အနောက်ဘက် ရွှေတာဦးတောင်တွင် သီတင်းသုံးတော်မူခိုက် အလုံမြို့နေ အဘိဓမ္မာဆရာ ဦးထွန်းဦးနှင့် ဦးထွန်းလှတို့ စာပေအဟောအပြောကိုသာ အားကျ၍ ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာအလုပ်ကို အားမထုတ်ကြသည့်အတွက်နှင့် ရေးသားဆုံးမတော်မူအပ်သော ဩဝါဒတေးထပ်ကား–

ထွန်းဦးနှင့် ထွန်းလှ၊ လွမ်းစရာနှစ်လူ၊ ကျမ်းဓမ္မအဆူဆူမှာ၊ သူမတူဉာဏ်သွား။ ပြောဟောမှုထွေအလာ၊ ပဒေသာ နှုတ်လျှာကပါး။ ။ အလုပ်နှင့် အဟုတ်တယ်လျင်၊ ဆုတ်ပြယ်ပြယ်လူစား။ တကယ်ဆိုရှောင်သမား၊ ပြောင်ကြွားကြွားဟန်ပို။ ပြောဟောဉာဏ် စာအရေးမှာတော့၊ လျှာကလေးသွက်ကြသကို။ ။ သိလျက်သားနှင့် အမှားခို၊ စကားထိုထို ရမယ်ဖွဲ့လို့၊ ဘယ်တဲ့ညာတဲ့ ယောင်ယောင် ပေါင်ပေါင်၊ ပြောကြဟန်ဆောင်။ နစ်မြဲနစ်ဖို့ အလွတ်ရှောင်လျှင်၊ အကျွတ်ဟိုနောင်ကွာလှမ်းရှာလိမ့်လေး။

## မုံရွာမြို့ လက်ပံတောင်းတောင် စကြံကျောင်းကြီး

သက္ကရာဇ် ၁၂၆၅ ခုနှစ်၌ လက်ပံတောင်းတောင် အတောင့် ခြောက်ဆယ်ရှိသော စင်္ကြံကျောင်းကြီးတွင် ဝါကပ် နေထိုင်တော်မူ၏။ ၎င်းတောင်၌ သမ္မာဒိဋ္ဌိဒီပနီ၊ စတုသစ္စဒီပနီ၊ ကမ္မဋ္ဌာနဒီပနီကျမ်းတို့ကို ပြုစုတော်မူ၏။

[လက်ပံတောင်းတောင်သည် မုံရွာမြို့၏အနောက် ၃ မိုင်ခန့် ကွာသော သလ္လာဝတီမြစ်ကမ်းနားတွင် တည်ရှိ၏။]

mgyoe.com

ထူးခြားချက်ကြီး

အဆိုပါတောင်ခြေ သလ္လာဝတီမြစ်ကမ်းစဥ် နေ့သန့်စင်ရန် ယာယီဆောက်လုပ်ထားသော ကွပ်ပျစ်ကြမ်း စင်ပေါ်တွင် ညနေအေးအချိန် ရေကသိုဏ်း ကြည့်ရှုတော်မူပြီး၍ ခေတ္တအနားယူနေစဉ် ညစ်ထေးပေါင်းနွမ်းသော အဝတ်နှင့် လူတစ်ယောက်သည် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ လာ၍ ရှိခိုးဝပ်ချပြီးလျှင် မိမိလွယ်အိတ်ထဲမှ တစ်စုံတစ်ခု ထည့်ထားသော ပုလင်းကို ထုတ်၍–

"ဆရာတော်ဘုရားသည် တစ်ကမ္ဘာလုံးအနှံ့အပြား သာသနာပြုမည့် ပုဂ္ဂိုလ် ဖြစ်ပါလိမ့်မည်။ ထိုအခါ အနာရောဂါကင်းရှင်း၍ ခန္ဓာကိုယ်တောင့်တင်းခိုင်မာမှသာ သာသနာပြုလုပ်ငန်းကြီး တွင်ကျယ်ပါမည်။ သို့အတွက် ဆရာတော်အား ပြာများလှူလိုပါသည် ဘုရား"

ဟု လျှောက်ကြားရာ ဆရာတော်ဘုရားကြီးသည် ဂရုမစိုက် အမှုမထားသလို "မင့်ပြာက စားဖိုလယ်ပြာလားကွဲ့" ဟု မိန့်တော်မူလိုက်သောအခါ ၎င်းလူသည် ဆရာတော်ဘုရားကြီးက ငါ့ကို အထင်သေး အမြင်သေးနှင့် အလကားကောင် အချောင်သမားဟု မှတ်ထင်တော်မူပါတကားဟု မိမိအစွမ်းကို ပြလို၍–

ရုတ်တရက် ဆရာတော်ဘုရားကြီးရှေ့ မျက်မှောက်တွင် တင်ပလ္လင်ခွေပြီး သလ္လာဝတီရေပြင်သို့ ခုန်ချလိုက်ရာ ရေပြင်ပေါ်တွင် ဗူးတောင်းဘောလုံးများကဲ့သို့ မနစ်မမြုပ်ဘဲ ပေါလောပေါ်လျက် ထုံးစံအတိုင်းအောက်သို့ မစုန်ဆင်းဘဲ အထက်အညာသို့ တဖြည်းဖြည်း ဆန်တက်၍ မျက်စိတဆုံး ကြည့်ရင်း ကြည့်ရင်းနှင့် ကွယ်ပျောက်သွားသောဟူ၏။

၎င်းအကြောင်းကို ဆရာတော်ဘုရားကြီးက တပည့်ပဏ္ဍိတနှင့် ဦးနာဂ၊ ကပ္ပိယမောင်ရွှေအောင်တို့အား ဤလူထူးအကြောင်းကို မိန့်ကြားတော်မူရာ တပည့်များက သာမညပုဂ္ဂိုလ် ဟုတ်မည်မထင်၊ နတ်သော် လည်းကောင်း၊ ဝိဇ္ဇာသော် လည်းကောင်း၊ ဇော်ဂျီသော် လည်းကောင်း၊ တန်ခိုးကြီးသော ပုဂ္ဂိုလ်သော်လည်းကောင်း ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြားကြ၏။

[ဤကား ထူးခြားချက်တည်း။]

mgyoe.com

mgyoe.com


**မန္တလေးမြို့ ဓမ္မသဘင်**

သက္ကရာဇ် ၁၂၆၅ ခုနှစ်၊ တပေါင်းလတွင် မန္တလေးမြို့သို့ ကင်းဝန်မင်းကြီး၏ ပင့်လျှောက်ချက်ဖြင့် လက်ပံတောင်းတောင်မှ ထွက်ကြွတော်မူပြီးလျှင် နန်းမြို့ တော်အတွင်း ကင်းဝန်မင်းကြီး၏ အိမ်ဦး၌ တရားသဘင် ဆင်ယင်ကျင်းပတော်မူ၏။ ထိုကင်းဝန်မင်းကြီး၏ အိမ်ဦးတွင်ပင် အာနာပါန ဒီပနီကျမ်းကို ရေးသားတော်မူ၏။

**ကျောက်မြောင်း အတွင်းဝန်မင်း၏ လျှောက်ကြားချက်**

ကင်းဝန်မင်းကြီး၏ အိမ်ဦးတွင် ညဥ့်အခါ တရားဟောတော်မူခြင်း၊ နေ့အခါ ခြေတော်ရင်းသို့ ရောက်လာကြသော မှူးကြီး၊ မတ်ကြီး၊ ဝန်ထောက်၊ မြို့အုပ်၊ စာရေး၊ စာချီ၊ လူကြီးလူကောင်းအပေါင်းတို့၏ ဆိုင်ရာဆိုင်ရာ အမေးပုစ္ဆာတို့ကို ဖြေကြားတော်မူခြင်း၊ ကြိုကြားကြိုကြား ရှေးဟောင်း နှောင်းဖြစ် စပ်မိစပ်ရာ ဟောပြောတော်မူခြင်း စသည်တို့ကို ပြုလုပ်တော်မူရာ တစ်နေ့သောအခါ ကျောက်မြောင်း အတွင်းဝန်မင်းက ဆရာတော်ဘုရားကြီးအား တတွေတွေ စီးယိုသော မျက်ရည်ဖြင့် လက်အုပ်ချီ၍ လျှောက်ကြားသည်မှာ–

"အရှင်ဘုရားဟောပြောသော အဘိဓမ္မာတရားသဘော အချက်အလက်ကြီးတွေကို နတ်ရွာစံ ဘဝရှင်မင်းတရားကြီး ကြားနာမသွားရရှာဘူး ဘုရား၊ ကြားနာစေချင်လိုက်တာ ဘုရား၊ ဘဝရှင်မင်းတရားကြီး၏ မျက်နှာတော်ကို ပြေး၍ မြင်မိပါသည် ဘုရား၊ ဘုရား, ပုထိုး, ဂူ, ကျောင်း, ပြာသာဒ်, ဇရပ်ကြီးငယ် အသွယ်သွယ်တို့နှင့် ပိဋကတ်တော်တွေကို ကျောက်ထက်အက္ခရာတင်၍ ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟ ဆောက်ပံ့၍ သာသနာ့ဒါယကာ အမည်ခံသွားသော်လည်း အတ္တဒိဋ္ဌိကို တွန်းလှန်ဖြိုဖျက်၍ အနတ္တသမ္မာဒိဋ္ဌိ မဂ္ဂင်ဝိဇ္ဇာဉာဏ် အလင်းနယ်သို့ ဆိုက်ရောက်အောင် ဟောပြောသည့် အဘိဓမ္မာသဘောသကံ တရားရင်းကြီးတွေကို ကြားနာမသွားရရှာသောကြောင့် ဝမ်းနည်း၍ မျက်ရည်တတွေတွေ ယိုစီးပါကြောင်း" ကို လျှောက်ထားလေ၏။

mgyoe.com